ကတညုတာ စ တံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း


၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၅၆)


**ဆေးပညာတိုးတက်မည့်သင်ရိုးညွှန်းတမ်းများဖြစ်အောင်ညှိနှိုင်း**

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး အခြေခံများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုအရှိန်အဟုန် ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်၏ တိုးတက် ဖြစ်ထွန်းမှုများနှင့်အညီ ရေရှည်အနာဂတ်ကိုမျှော်မှန်းသည့် ပြည်သူအများ၏ ကျန်းမာရေး လိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်သည့် ဆေးပညာ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများ ဖြစ်လာအောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုသည်။

## မြန်မာ့ခေတ်ကုသမားတော်ကြီးများအောင်မြင်မှုတစ်မျိုးသားလုံးဂုဏ်ယူဖွယ်ဖြစ်

## မြန်မာ့ဆေးပညာသမိုင်း၌ မော်ကွန်းထိုးလောက်သည့်အောင်မြင်မှု မျိုးဆက်သစ်ပညာရှင်များအမွေဆက်ခံ

## ပြည်သူများကျန်းမာရေးလိုအပ်ချက် ရေရှည်ဖြည့်ဆည်းပေးနိုင်သည့်ဆေးပညာသင်ရိုးညွှန်းတမ်းဖြစ်အောင်ပြုစုကြ

ရန်ကုန် နိုဝင်ဘာ ၂၄

**ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနကကျင်းပသည့် ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁** ✡



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကျင်းပသော ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ပြခန်းငယ်တွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)**

## နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ဆုံးဖြတ်ချမှတ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ မော်ဘီ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုသင်တန်းကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)က ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ဆုံးဖြတ်ချမှတ်ခဲ့သည်။

ဆုံးဖြတ်ခြင်းနှစ်ရပ်အနက် ဆုံးဖြတ်ချက်အမှတ် (၁) မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)၏ တတိယနေ့ နိုဝင်ဘာ ၂၁ ရက်တွင် မိန့်ကြားခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဩဝါဒမိန့်မှာချက်များကို ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန် ဆုံးဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက်အမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း **စာမျက်နှာ ၉ ကော်လံ ၂** ✻

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

# မြန်မာ့လူမှုဝန်ထမ်းလုပ်ငန်းများအောင်မြင်ရေး ပြည်သူအများပါဝင်ပူးပေါင်းဆောင်ရွက်

ဒုက္ခရောက်သူ၊ ဘေးအန္တရာယ်ကြုံတွေ့နေသူ၊ ကျန်းမာရေးချို့တဲ့သူများကို ကူညီစောင့်ရှောက်ခြင်းဟူသော စေတနာ့ဝန်ထမ်းလုပ်ငန်းများသည် လူမှုဝန်ထမ်းလုပ်ငန်းများပင်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ကြင်နာသနားတတ်သူများ၊ ရင်းနှီးပျူငှာဖော်ရွေတတ်သော စိတ်စေတနာရှိသူများဖြစ်သည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားတတ်ကြသည့် ဓလေ့စရိုက်အစဉ်အလာရှိခဲ့ကြသည့်အလျောက် လူမှုဝန်ထမ်းလုပ်ငန်း၊ အများအကျိုးဆောင်ရွက်သော လုပ်ငန်းများကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင် လုပ်ဆောင်ခဲ့သူများ ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနကို ၁၉၅၃ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် လူမှုဝန်ထမ်းဆိုင်ရာ လုပ်ငန်းမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် (ယနေ့)တွင် နှစ်(၅၀)ပြည့် ရွှေရတုကာလသို့ ရောက်ခဲ့ပြီဖြစ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၊ လူမှုကရုဏာ စောင့်ရှောက်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်နေသည်။

ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းအနေဖြင့် ကလေးပြုစုရေးဌာနခြောက်ခုတွင် ကလေးဦးရေ ၁၆၉ဦး၊ မူလတန်းကြိုကျောင်း ၆၂ကျောင်းတွင် ကျောင်းသား ၇၄၀၇ဦးကို ပညာသင်ကြားပေးလျက်ရှိသည်။ ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် လူငယ်လေလွင့်မှုကို ကာကွယ်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လူငယ်ရိပ်သာ ၁၀ခု၊ ကျောင်းမနေနိုင်သော လူငယ်များအား ညပိုင်းတွင် မူလတန်းပညာသင်ကြားနိုင်ရန် ကျောင်းပေါင်း ၇၄ကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား ၆၄၆၁ဦးတို့အား ပညာသင်ကြားပေးလျက်ရှိသည်။

ကလေးသူငယ်ဥပဒေအရ ပြုပြင်စောင့်ရှောက်ရန်လိုအပ်သော အသက်ငါးနှစ်မှ ၁၆နှစ်ရှိ လူငယ် ၁၄၃၂ဦးအား လက်ခံ၍ သင်တန်းကျောင်းများတွင် လူငယ်များအားကျောင်းပညာသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊စိတ်ဓာတ်နှင့်စာရိတ္တဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပြုပြင်ပေးခြင်းနှင့် အလုပ်အကိုင်နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် မိမဲ့ဖမဲ့ခိုကိုးရာမဲ့ လူငယ်များအတွက် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များက ဂေဟာပေါင်း ၁၅၀ဖွင့်လှစ်၍ ထောက်ပံ့ကူညီပေးနေသည်။

အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်းတွင် အမျိုးသမီးအိမ်တွင်းမှုသင်တန်းနှင့် စေတနာ့ဝန်ထမ်းနေ့ကလေးထိန်းဆရာမ သင်တန်းများကို ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။ ၎င်းအပြင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ခုနစ်ကျောင်းကို ဖွင့်လှစ်၍ စက်ချုပ်သင်တန်းများနှင့် မုန့်မျိုးစုံလုပ်ငန်းများ သင်ကြားပေးလျက်ရှိသည်။

အသက်၁၈နှစ်အထက် ခိုကိုးရာမဲ့အမျိုးသမီးများအတွက် ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဌာနနှစ်ခု ဖွင့်လှစ်၍ ရက်ကန်း၊ စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ရွှေချည်ထိုးနှင့် အဝတ်လျှော်လုပ်ငန်းများကို သင်ကြားပေးခြင်း၊ အလုပ်အကိုင်များ နေရာချထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းတွင် ပြည်နယ်နှင့်တိုင်းများ၌ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများမှ လူမှုဝန်ထမ်းဦးစီးဌာနသို့ ထောက်ပံ့ကြေးလျှောက်ထားသည့် ဘိုးဘွားရိပ်သာ ၃၉ခုအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဆန်၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိသည်။

မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ရန်ကုန်မြို့မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းနှင့်မျက်မမြင်ကျောင်း၊ မန္တလေးမြို့၌ နားမကြားသောကလေးများသင်တန်းကျောင်းများကို ဖွင့်လှစ်ထားသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် မူးယစ်ဗဟိုကဦးစီးသော ရွှေပြည်သာ(ပြည်)နှင့် ရွှေပြည်အေး(ဖယ်ခုံ) လူငယ်များပြုစုပျိုးထောင်ရေးဌာနနှစ်ခုနှင့် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော ပြန်လည်ထူထောင်ရေး စခန်းခုနစ်ခုကိုဖွင့်လှစ်၍ မူးယစ်ဆေးဖြတ်ပြီးသူများအား ရုပ်ပိုင်း၊စိတ်ပိုင်း ပြန်လည်ထူထောင်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးလျက်ရှိသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေး၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၅၀၊ အမျိုးသမီးဂေဟာ ၁၀ခု၊ ဘိုးဘွားရိပ်သာ ၃၉ခု၊ မျက်မမြင်ကျောင်းနှင့် နားမကြားကျောင်းများကို ထောက်ပံ့ပေးလျက်ရှိသည်။

လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ယခင် ထောက်ကြန့်အနာကြီးရောဂါဆေးရုံဝန်းကျင်တွင် နေထိုင်ကြသူများအား လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာ၌ ပရဟိတဂေဟာ တစ်ခု ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေး၊ ရေကောင်းရေသန့်များရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုဘဝဒုက္ခအဖုံဖုံ တွေ့ကြုံခံစားနေရသူများအား ကူညီ ထောက်ပံ့ပေးနေသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ လူမှုဒုက္ခခံစားနေရသူများကို ယင်းဒုက္ခများမှ လျော့ပါးပပျောက်စေရေး၊ လူမှုရေးပြဿနာများမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့လူမှုဝန်ထမ်းလုပ်ငန်းများ အောင်မြင်ရေး ပြည်သူအများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်က ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်း၊ခရိုင်၊ မြို့နယ်မှ ဝန်ထမ်းများက သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့နယ် အစည်းအဝေးခန်းမ၌ နံနက် ၈နာရီအချိန်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသာထွန်းဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းကိုရှင်းလင်းပြောကြားပြီး ပဲခူးတိုင်း၊ ခရိုင်နှင့်မြို့နယ် ဝန်ထမ်းများအား ဗလာမရှိကံစမ်းမဲများဖောက်ကာ ပစ္စည်းများ ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နိုဝင်ဘာ ၂၁ ရက်က မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒခံယူလျက် ရဟန်းသာမဏေများအား သာသနာ့ဝင် စိစစ်ရေးကတ်ပြား ဆက်ကပ် လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို သီတဂူပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်အောင်က သီတဂူ ဆရာတော် ဘဒ္ဒန္တ ပညာစက္ကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## (၁၇၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဆုမဲ ၂၀၁၁၂ ဆု တစ်ရက်တည်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

(၁၇၉)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

### စုစုပေါင်း ၂၀၁၁၂ ဆု

ငွေကျပ် ၅၀ တန်ထီ(၁၇၉)ကြိမ်မြောက်တွင် အက္ခရာ ၃၆ လုံး ထီစာအုပ် ၂၉၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ ဆုတစ်ဆု၊ ငွေကျပ်သိန်း ၅၀ ဆု (၂၉)ဆု၊ ငွေကျပ် ၂၅ သိန်းဆု (၁၂)ဆု၊ ငွေကျပ် ခြောက်သိန်းဆု (၆၆၅)ဆု၊ ငွေကျပ် ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ် လေးသိန်းဆု လေးဆု၊ ငွေကျပ် နှစ်သိန်းဆု (၁၅)ဆု၊ ငွေကျပ်တစ်သိန်းဆု (၁၇၁)ဆု၊ ငွေကျပ် ရှစ်သောင်းဆု (၂၄) ဆု၊ ငွေကျပ်ငါးသောင်းဆု(၁၇၁၀)ဆု၊ ငွေကျပ်လေးသောင်းဆု(၄၆)ဆု၊ ငွေကျပ်နှစ်သောင်းဆု (၃၃၃)ဆု၊ ငွေကျပ် တစ်သောင်းဆု (၁၇၁၀၀)ဆု စုစုပေါင်း(၂၀၁၁၂)ဆုဖြစ်သည်။

### လာရောက်ထုတ်ယူနိုင်

ယခု(၁၇၉)ကြိမ်မြောက် ငွေကျပ် ၅၀ တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေ ထုတ်ပေးခြင်းကို ဒီဇင်ဘာ ၈ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူ နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း သဃင်္န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ ကြီးပွားရေးရပ်ကွက်နေ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပေးနိုင်ရေးအတွက် နိုဝင်ဘာ ၂၃ရက်က ကြီးပွားရေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ဦးစီးဌာနမှူး ဦးစန်းဝေက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၅၂)

# အမှာစကားပြောကြား

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကျင်းပသော ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

**ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ**





✡ *မြန်မာခွဲစိတ်ကုမှ*

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တပ်မတော် ဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာ ရပ်ဆိုင်ရာတက္ကသိုလ်များမှ ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမျိုးသားကျန်းမာရေးစီမံကိန်းချမှတ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေး ဦးတည်ချက်ထားရှိပြီး တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်ပေးမှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး တိုးတက်မြင့်မားရေးတို့အတွက် အမျိုးသားကျန်းမာရေး မူဝါဒများနှင့် အမျိုးသားကျန်းမာရေးစီမံကိန်းအဆင့်ဆင့်ကို စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အတွင်းမှာရှိသည့် ဆေးသိပ္ပံဆိုင်ရာပညာရှင်များ၊ သင်ကြားရေးဆိုင်ရာ ပညာရှင်များ စုံစုံညီညီ စုဝေးပြီး ယခုကဲ့သို့ ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲကြီးကို ကျင်းပနိုင်ခြင်းသည် မြန်မာ့ဆေးသိပ္ပံပညာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက်ကိုပါ များစွာအထောက်အကူပြုလာမှာဖြစ်သည့်အတွက် ဤနှီးနှောဖလှယ်ပွဲကြီးသည် အမျိုးသားရေး ကြိုးပမ်းစွမ်းဆောင်မှုကြီးတစ်ရပ်လည်းဖြစ်ပါသည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

## စွမ်းဆောင်ရည်ထက်မြက်

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး အလွန်မြင့်မားသော အမျိုးသားရေးမျှော်မှန်းချက်များထားရှိပြီး ထုထည်ပမာဏကြီးမားပြီး ကျယ်ပြန့်လှသည့် အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ယင်းအမျိုးသားရေးမျှော်မှန်းချက်နှင့် ကျန်းမာရေးအစီအမံများ ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်ဖြစ်ထွန်းစေရေးမှာ ဆရာဝန်ကြီးများ၊ သမားတော်ကြီးများအပါအဝင် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားမှုနှင့် စွမ်းဆောင်ရည် ထက်မြက်မှုအပေါ် အဓိကတည်မှီလျက်ရှိကြောင်း။

ထို့ကြောင့် လိုအပ်သည့် ပညာရှင်များအရည်အသွေးပြည့်မီစွာနှင့် ပြည့်စုံလုံလောက်စွာ ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်း အဆင့်ဆင့်၊ ကျန်းမာရေးကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးအထူး လေးနှစ်စီမံကိန်းနှင့် အနှစ် ၃၀ နှစ်ရှည်ကျန်းမာရေးစီမံကိန်းများမှာ အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်အတွင်းမှာပင် ပြုစုပျိုးထောင် လေ့ကျင့်ပေးနိုင်စေမည့် အစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## ဟန်ချက်ညီညီတိုးတက်

ယင်းအရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေး အစီအမံများမှာ ဆေးဘက်ပညာသင်ကြားမှု အဆင့်မြှင့်တင်ရေး၊ သင်ကြားရေးဆေးရုံများ၊ ဆေးတက္ကသိုလ်များနှင့် သင်တန်းကျောင်းများ အဆင့်မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေး၊ ခေတ်မီသင်ကြားမှု သင်ယူမှု နည်းပညာသစ်များ၊ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရရှိရေး၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးကိရိယာများ ဖြည့်ဆည်းပေးရေး၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများနှင့် အီလက်ထရွန်နစ်စနစ်သုံး စာကြည့်တိုက်များ ထူထောင်ပေးရေးစသည့် အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

တစ်ပြိုင်တည်းမှာပင် ဆေးပညာဆိုင်ရာကဏ္ဍများအားလုံး ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရေးအတွက် ဆေးပညာကဏ္ဍအလိုက် တက္ကသိုလ်များနှင့် သင်တန်းကျောင်းများ အဆင့်တိုးမြှင့်မှုများ၊ အသစ်တိုးချဲ့ ဖွင့်လှစ်ထူထောင်မှုများ စီမံဆောင်ရွက်ပေး လျက်ရှိသကဲ့သို့ သင်တန်းသားအရေအတွက်လည်း တိုးမြှင့်လက်ခံ သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူပင် နိုင်ငံတော်အတွင်းရှိ ဆေးတက္ကသိုလ်များတွင် ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ တိုးချဲ့ပြီးလေ့ကျင့်သင်ကြား ပေးနေသကဲ့သို့ ပြည်ပဘွဲ့လွန်သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများကိုလည်း နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဆရာဝန်များအပါအဝင်ဆရာဝန်များ၊ သမားတော်ကြီးများနှင့် အခြားသော ကျန်းမာရေးဆိုင်ရာပညာရှင်များကို စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်နှင့်အမျှ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်မှာ ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခု ပေါင်း လေးခုသာရှိခဲ့ရာက ယခုအခါ ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ ဆေးပညာနီးနွယ်တက္ကသိုလ်ခုနစ်ခုနှင့် တိုင်းရင်းဆေး တက္ကသိုလ်တစ်ခု စုစုပေါင်းဆေးပညာရပ်ဆိုင်ရာ တက္ကသိုလ် ၁၄ခု တိုးတက်ဖြစ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

## ဘွဲ့လွန်သင်တန်း ၆၇ ခုဖွင့်လှစ်

အလားတူပင် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့် ပတ်သက်ပြီး ယခင်က ဘွဲ့လွန်ဒီပလိုမာ ၁၀မျိုးနှင့် မဟာဘွဲ့သင်တန်း ၁၃ မျိုးသာ သင်ကြားပေးနိုင်ခဲ့ရာက ယခုအခါ ဘွဲ့လွန်ဒီပလိုမာခြောက်မျိုး၊ မဟာဘွဲ့သင်တန်း ၂၅ မျိုး၊ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ Ph.D သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ Dr, Med.Sc သင်တန်း ၂၉မျိုး စုစုပေါင်း ဆေးပညာရပ်ဆိုင်ရာဘွဲ့လွန်သင်တန်း ၆၇ခု ဖွင့်လှစ်သင်ကြားနိုင်ပြီးဖြစ်ကြောင်း။

ယင်းသို့ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားရေး၊ ဆေးပညာသင်ကြားမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးမြှင့်တင်ပေးလျက်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေနှင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်မှာ ကျပ်ငွေသန်းပေါင်း ၁၈၇၀၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၉ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ယင်းအထဲတွင် ကျန်းမာရေးကဏ္ဍ၊ ပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာ အဆင့်မီ ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းပေးရေး လုပ်ငန်းများ အတွက် ၁၉၉၉-၂၀၀၀ ခုနှစ်ကစပြီး လေးနှစ်အတွင်း နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ သန်း ထည့်သွင်းသုံးစွဲခဲ့ခြင်းဖြစ်ကြောင်း။

## အရည်အသွေးတိုးပွား

ထို့ကြောင့် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ အပါအဝင် ဆေးဘက်ဆိုင်ရာပညာရှင်များ၏ အားထုတ်ကြိုးပမ်းမှုတို့ ပေါင်းစည်းပြီး မြန်မာနိုင်ငံ၏ ဆေးပညာဆိုင်ရာ စွမ်းဆောင်နိုင်မှု အရည်အသွေးများမှာလည်း တစ်နေ့တခြား တိုးပွားဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ဆေးပညာသင်ကြားမှု၊ ဆေးကုသမှု၊ ဆေးပညာနှီးနှောဖလှယ်မှုများကို ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုပြီး ဆောင်ရွက်နိုင်နေပြီဖြစ်ခြင်းကြောင့် ဆေးတက္ကသိုလ်တစ်ခုမှာ လက်တွေ့ ခွဲစိတ်သင်ကြားပြသနေသည်ကို အဝေးမှာရှိသည့် အခြားဆေးတက္ကသိုလ်တစ်ခုက တစ်ပြိုင်နက်တည်း ကြည့်ရှုလေ့လာသင်ကြားနိုင်နေပြီဖြစ်ကြောင်း။

ခွဲစိတ်ကုသမှုဆိုင်ရာ ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းစွမ်းဆောင်နိုင်မှုများကို ကြည့်မည်ဆိုလျှင် ယခင်ခေတ်ကာလက တိုင်းတစ်ပါးကိုသွားရောက်ခွဲစိတ်ကုသရသည့် ရောဂါများကို ယခုပြည်တွင်းမှာပင် ခေတ်မီစက်ကိရိယာများ၊ နိုင်ငံတကာအဆင့်မီခွဲစိတ်ကုသမှု နည်းပညာများအသုံးပြုပြီး အောင်မြင်စွာ ခွဲစိတ်ကုသနိုင်နေပြီဖြစ်ကြောင်း။

ဥပမာပြောရမည်ဆိုလျှင် နှလုံးရပ်ခွဲစိတ်ကုသမှု (Open Heart Surgery)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌သာမက မန္တလေးမြို့အထွေထွေ ရောဂါကုဆေးရုံကြီး၌မှာပါ ခွဲစိတ်ကုသပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် (Cardiac Catheterrization Laboratory)နှလုံးရောဂါရှာဖွေစမ်းသပ်သည့် အဆင့်မြင့်စက်ကြီးများ အသုံးပြုပြီး ကျဉ်းနေသည့် သွေးကြောများကို Ballonဖြင့်ချဲ့၍ ကုသမှုများ၊ (Percutaneous Transluminal Coronary Angiography -PTCA & Stent Deployment)သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသပေးမှုများ၊ နှလုံးပိုက်ထည့်၍ ရောဂါရှာဖွေ စမ်းသပ်ပေးမှုများစသည့် အဆင့်မြင့်နှလုံးခွဲစိတ်ကုသမှုများကို ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့မှာပါ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

## တစ်မျိုးသားလုံးဂုဏ်ယူ

အလားတူပင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အောင်အောင်မြင်မြင် ခွဲစိတ်ကုသပေးနိုင်နေပြီဖြစ်ကြောင်း၊ ဤမျှမက မြန်မာခွဲစိတ်ကုသမားတော်ကြီးများ၏ သမိုင်းတွင်ရစ်မည့် တိုးတက်အောင်မြင်မှုများဖြစ်သည့် ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသမှု၊ တင်ပါးဆုံချင်းဆက်အမြွှာခွဲစိတ်ကုသမှုတို့ကိုလည်း အောင်အောင်မြင်မြင်ခွဲစိတ် ကုသပေးနိုင်ခဲ့သည်မှာ တစ်မျိုးသားလုံးအတွက် များစွာဂုဏ်ယူဖွယ်ပင် ဖြစ်ကြောင်း။

## သမိုင်းမော်ကွန်းတင်

ထို့ပြင် ၂၀၀၀ပြည့်နှစ်မှာ မြန်မာ့အရိုးအထူးကုဆရာဝန်ကြီးများအနေနှင့် လွှဒဏ်ရာဖြင့် လက်ဝဲလက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသည့် လက်ကို ခေတ်မီလက်ခွဲစိတ်ကု အဏုကြည့်မှန်ပြောင်း အသုံးပြုပြီး အဏုစိတ်ခွဲစိတ်ကုသမှုပြုလုပ်ကာ အောင်မြင်စွာပြန်လည်ဆက်ပေးနိုင်ခဲ့ခြင်း၊ ယခုနှစ်နိုဝင်ဘာလအတွင်းမှာပင် ယာဉ်ထိခိုက်မှုကြောင့် ညာဘက်လက်ဖျံမှာ အရေပြားအနည်းငယ်သာ တွဲလဲကျန်နေသည်အထိ ပြတ်တောက်လုဖြစ်သွားခဲ့သည့် လက်ကို အဏုစိတ်ခွဲစိတ်ကုသမှုဖြင့် အောင်မြင်စွာပြန်လည်ဆက်ပေးနိုင်ခဲ့ခြင်းများသည် သမိုင်းမော်ကွန်းတင်ရမည့် အောင်မြင်ဖြစ်ထွန်းမှုများပင် ဖြစ်ကြောင်း။

## တက်ညီလက်ညီကြိုးပမ်း

ဤသို့မြန်မာ့ဆေးပညာသမိုင်းမှာ မော်ကွန်းရေးထိုးလောက်သည့် အောင်မြင်ဖြစ်ထွန်းမှုများ၊ ထူးခြားသည့်စွမ်းဆောင်နိုင်မှုများကိုမျိုးဆက်သစ်ဆရာဝန်များ၊ သမားတော်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များက ဆင့်ပွားတိုးမြှင့်ပေးနိုင်စေရအောင် ပညာရှင်ကြီးများက ပညာအမွေမျှဝေပေးသွားကြရန်နှင့် မျိုးဆက်သစ်ပညာရှင်များအနေနှင့် ထိုက်တန်စွာ အမွေဆက်ခံစွမ်းဆောင်နိုင်စေမည့် ဆေးသိပ္ပံပညာဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်ကို သမားတော်ကြီးများ၊ ခွဲစိတ်ကုဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် မျိုးဆက်သစ်ပညာရှင်များ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

ယင်းသို့ ဆေးပညာရပ်များ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ရရှိနေသည့် အခြေအနေအချိန်အခါကောင်းမှာ ယခုကဲ့သို့ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပြီး ဆေးပညာသင်ကြားမှု သင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်၏အခြေအနေ၊ အလားအလာနှင့် လိုအပ်ချက်များနှင့်အညီ သုံးသပ်ပြင်ဆင်ပေးခြင်းမှာ အရည်အသွေးမြင့်မားသည့် ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် အားသစ်လောင်းပေးခြင်းဖြစ်သကဲ့သို့ ဆေးပညာကဏ္ဍကို အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးမှုများလည်းဖြစ်ပါသည်ဟု ပြောလိုကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁*

# တီကရစ်မြို့ ရေနံအဆောက်အအုံတွင်ပေါက်ကွဲမှုဖြစ်ပွား အမေရိကန်လေးဦးနှင့် အီရတ်သုံးဦးဒဏ်ရာရ

**တီကရစ် နိုဝင်ဘာ ၂၃**

**အီရတ်နိုင်ငံ တီကရစ်မြို့ရှိ အစောင့်အကြပ်ထူထပ်စွာချထားသော နိုင်ငံပိုင်မြောက်ပိုင်း ရေနံကုမ္ပဏီအဆောက်အအုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။**

ဒဏ်ရာရသွားသူများမှာ အမေရိကန်လေးဦးနှင့် အီရတ်သုံးဦးတို့ ဖြစ်ကြသည်ဟု ရဲအဖွဲ့နှင့်လုံခြုံရေးအရာရှိများက ပြောကြားကြသည်။

၎င်းတို့သည် စနေနေ့ညပိုင်းက မြောက်ပိုင်း ရေနံကုမ္ပဏီအဆောက်အအုံရှိ ယဉ်ကျေးမှုနှင့်လူမှုရေးကလပ်နေရာကို ဒုံးကျည်နှစ်စင်းထိမှန် ပေါက်ကွဲရာ၌ ဒဏ်ရာရရှိကြခြင်းဖြစ်သည်။

ရီစတိုးအီရတ်ရေနံလုပ်ငန်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုက်မက်အယ်လီအာက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်မှာ မှန်သော်လည်း ဒုံးကျည်ကြောင့် ပေါက်ကွဲခြင်းဟုတ်မဟုတ် သံသယဖြစ်စရာရှိသည်ဟု ဆိုသည်။

မြောက်ပိုင်း ရေနံကုမ္ပဏီအဆောက်အအုံမှာ ကယ်ကွတ်မြို့ ရေနံဝင်း အတွင်း၌ တည်ရှိပြီး ထိုနေရာကို အစောင့်အကြပ်ထူထပ်စွာ ချထားသည်။ အဆိုပါ အီရတ်လုံခြုံရေးအစောင့်များကို တောင်အာဖရိကမှ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတစ်ခုက လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

**နိုဝင်ဘာ၂၃ရက်က အီရတ်နိုင်ငံ ခန်ဘာနီဆက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည့် နေရာကို အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး မိုဆူးလ်၌အသတ်ခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး တနင်္ဂနွေနေ့က လမ်းအချက်ပြမီးတိုင်၌ စောင့်ဆိုင်းနေခိုက်တိုက်ခိုက်သူများက ၎င်းတို့၏ လည်ပင်းကို ဓားဖြင့် လှီးဖြတ်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

**ပြောဆို**

ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဘဂ္ဂဒက်ရှိ အမေရိကန် စစ်ဌာနချုပ်က သတင်းတစ်စုံတစ်ရာမရရှိကြောင်း ပြောဆိုသည်။

**သေဆုံး**

ထိုသို့ ဆိုသော်လည်း မိုဆူးလ်မြို့၏ ရာ့စ်အယ်လ်လဂျက်ဒါအရပ်တွင် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ၎င်းတို့ မော်တော်ယာဉ်၏နံဘေး၌ လည်ပင်းတွင် လှီးဖြတ်ခံထားရသော ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကိုတွေ့ရှိရသည်။

**တိုးမြှင့်**

အီရတ်နိုင်ငံတစ်ဝန်း အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်တို့က နည်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ တစ်နေ့တခြား တိုးမြှင့်လာလျက်ရှိသည်။ **(အင်တာနက်)**




### လုံခြုံရေးစောင့်ကြပ်

**နိုဝင်ဘာ ၂၂ရက်က ဘဂ္ဂဒက်မြို့တွင် ကုန်တင်လေယာဉ်တစ်စင်း မြေပြင်မှ ပစ်ခတ်သော ဒုံးကျည်ထိမှန်ခံခဲ့ရပြီးနောက် စစ်ဆေးရေး ဂိတ်တစ်ခုတွင် အမေရိကန် တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## အီရတ်ကိုယ်ပိုင်အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ အဆင့်တိုင်း ကုလသမဂ္ဂပါဝင်ရန် ကျူးကျော်စစ်အား ဆန့်ကျင်ခဲ့သည့် ရုရှား၊ ပြင်သစ်နှင့် ဂျာမနီတို့ပြောကြား

**ကုလသမဂ္ဂ နိုဝင်ဘာ ၂၃**

အီရတ် ကိုယ်ပိုင်အုပ်ချုပ်မှု လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ကုလသမဂ္ဂကို ထည့်သွင်းပါဝင်စေရန်နှင့် ဒေသတွင်းရှိ အဓိကကျသောနိုင်ငံများနှင့် အီရတ်ခေါင်းဆောင်များညီလာခံတစ်ရပ်ကို စီစဉ်ရန် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ကို ပြင်သစ်၊ ဂျာမနီနှင့်ရုရှားတို့က သောကြာနေ့၌ ပြောကြားလိုက်သည်။

**ပြောဆို**

အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်သည့်စစ်ပွဲအား ဆန့်ကျင်ကန့်ကွက်ခဲ့ကြသော ထိုသုံးနိုင်ငံမှ သံအမတ်ကြီးများသည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က လုံခြုံရေးကောင်စီ၌ စစ်ပွဲစတင် ဖြစ်ခဲ့ချိန်မှစပြီး အီရတ်၌ တိုးတက်မှုအခြေအနေများကို အသေးစိတ်တင်ပြအပြီး၌ မိန့်ခွန်းအသီးသီး ပြောကြားရာတွင် ထိုသို့ပြောဆိုခဲ့ကြသည်။

**မကျေနပ်**

ကုလသမဂ္ဂနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာဖော်ပြမထားသည်ကို မိမိတို့ကျေနပ်မှုမရှိကြောင်း၊ ယင်းသည်မှားသည်ဟု မိမိတို့ထင်ကြောင်း ရုရှားသံအမတ်ကြီးက ကောင်စီ၌ ပြောကြားသည်။ ရုရှားသံအမတ်ကြီးသည် ပြင်သစ်နှင့်ဂျာမနီသံအမတ်ကြီးများနှင့်အတူ ရုရှားနိုင်ငံခြားရေးဝန်ကြီးအဆိုပြုချက်ကို ပြန်ကောက်ခဲ့ကြသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ကြားဖြတ်အစိုးရဖွဲ့ရေးသို့ ဦးတည်သော အာဖဂန်ပုံစံညီလာခံတစ်ရပ်ကျင်းပရန် အဆိုပြုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

## ဘလဲကို ဘုရှ်က လက်ချည်းဗလာ ထားရစ်ခဲ့ ဘုရှ်၏ လန်ဒန်ခရီးမှ ဘလဲ ဘာမျှမရရှိလိုက်

လန်ဒန် နိုဝင်ဘာ ၂၂

**အစ္စတန်ဘူလ်ရှိ ဗြိတိသျှပစ်မှတ်များ တိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် စုစည်းညီညွတ်မှုရှိရန် ပြောသော စကားလုံးများ၏ အခြားတစ်ဖက်တွင် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲသည် ဗြိတိန်သို့ ယခုသီတင်းပတ်ထဲ၌ လာရောက်လည်ပတ်ခဲ့သော အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်၏ နိုင်ငံတော်အလည်အပတ်ခရီးမှ အကျိုးအမြတ်မရဘဲ လက်ချည်းဗလာသက်သက်ဖြစ်ခဲ့ရသည်။**

အမေရိကန်သမ္မတသည် သောကြာနေ့ နေ့လယ်ပိုင်း၌ ဗြိတိန်မှ ထွက်ခွာသွားခဲ့ရာလန်ဒန်ရှိစီးပွားရေး ပညာသင်ကျောင်းမှ နိုင်ငံတကာဆက်ဆံရေးပါမောက္ခ လော့ဒ်ဝီလီယံဝေါလေ့စ်က ဘလဲဘာရခဲ့သည်ကိုမိမိမတွေ့ရပါဟု ပြောဆိုခဲ့သည်။ ပါမောက္ခက အမေရိကန်တို့ ဖမ်းဆီးထိန်းချုပ်ထားသည့် ဗြိတိန်ကိုးဦး၏ကံကြမ္မာ သို့မဟုတ် သံမဏိသွင်းကုန်အပေါ် ဘုရှ်ကောက်ယူသည့် အခွန်အတုတ်ကိစ္စအပေါ် အီးယူ-အမေရိကန်တို့ဖြစ်နေသော ကုန်သွယ်ရေးစစ်ပွဲတို့ကဲ့သို့သော ပြဿနာရပ်များကို ဘုရှ်ဖယ်ရှားရှင်းလင်း မပေးခဲ့သည်ကို ထောက်ပြပြောဆိုသည်။ ဗြိတိန်နိုင်ငံအဖွဲ့ဝင်ဖြစ်သော ဥရောပသမဂ္ဂသည် ဘုရှ်ကောက်ယူသည့် သံမဏိအကောက်အခွန်နှုန်းထားနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)သို့ တိုင်တန်းထားသည်။ အမေရိကန် သံမဏိလုပ်ငန်းနှင့် သံမဏိ လုပ်ငန်းအလုပ်သမားများကို အထောက်အကူပြုရန် ဘုရှ်သည် ၂၀၀၂ခုနှစ် မတ်လ၌ သံမဏိအကောက်ခွန်ကောက်ယူခြင်းကို လုပ်ဆောင်ခဲ့သည်။ ဘလဲအစိုးရက အကောင်းမြင်ထားသော်ငြားလည်း အီရတ်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ဒေါ်လာ ၁၈ဒသမ၆ဘီလီယံ ကန်ထရိုက်လုပ်ငန်းရရှိရန် ဗြိတိသျှကုမ္ပဏီများ၏ မျှော်လင့်ချက်ကိုလည်း ဘုရှ်သည် အခိုင်အမာ တာဝန်မခံခဲ့ဟုဆိုသည်။ **(အင်တာနက်)**

## လိုက်လံရှာဖွေတိုက်ခိုက်

*နိုဝင်ဘာ ၂၃ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် တီကရစ်မြို့ဝန်းကျင်၌ အမေရိကန်အပါချီ ရဟတ်ယာဉ် တစ်စင်းက အီရတ်ပြောက်ကျားများကို လိုက်လံရှာဖွေ တိုက်ခိုက်လျက်ရှိသည်ကို တွေ့ရစဉ်။*

***(အမေရိကန် ဦးဆောင်တပ်များက ယင်းတို့၏ ရဟတ်ယာဉ်များကို အီရတ်ပြောက်ကျားတို့က တိုက်ခိုက် သဖြင့် ၎င်းတို့က ပေါင် ၅၀၀ ဗုံးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ အီရတ်ပြည်သူများ သေကျေပျက်စီး ခဲ့ရသည်။ ထို့အပြင် စီးပွားရေး၊ လူမှုရေးကိစ္စများလည်း ပျက်ပြားခဲ့ရသည်။)***

(ဓာတ်ပုံ-အင်တာနက်)



# အမေရိကန်တို့ပိုမိုအတိုက်ခံရမှုကြောင့် အမေရိကန်တပ်များက အီရတ်လူနေအိမ်များကို ဖျက်ဆီးတိုက်ခိုက် အပြစ်မဲ့ အီရတ်တို့၏ နေအိမ်များကို ဖျက်ဆီးတိုက်ခိုက်ခြင်းသည် ဂျူးဇီယွန်ဝါဒီ ဗီးရှင်းကို ချိုးဖောက်ရာရောက်ဟုဆို



အမေရိကန်ဦးဆောင်တပ်များသည် အီရတ်၌ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို အတိုက်ခံနေရမှုကြောင့် လက်တုံ့ပြန်သည့်အနေဖြင့် အီရတ်လူမျိုး နေအိမ်များကို ဖျက်ဆီးတိုက်ခိုက်လျက်ရှိသည်။ ယင်းကဲ့သို့ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်း သဘောတူညီချက်ကို ချိုးဖောက်၍ တိုက်ခိုက်နေခြင်းဖြစ်သည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောဆိုသည်။

**(အပေါ်ပုံမှာ နိုဝင်ဘာ ၂၃ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ခါလစ်ဒီရပ်ဒေသကို အမေရိကန် လေယာဉ်များက ဗုံးကြဲတိုက်ခိုက်သဖြင့် အိမ်များပျက်စီးနေသည်ကို တွေ့ရစဉ်။)** (ဓာတ်ပုံ-အင်တာနက်)

**နိုဝင်ဘာ ၂၂ ရက်ကဘဂ္ဂဒက် မြို့မြောက်ဘက် ရဲစခန်းတစ်ခု၏အပြင်ဘက်တွင် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် ကလေး ငယ်တစ်ဦး ဒဏ်ရာရရှိသွားသဖြင့် ၎င်း၏ မိခင် ငိုကြွေးနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





**နိုဝင်ဘာ ၂၂ ရက်က ခမ်ဘန် နီဆတ်ရှိ ဆေးရုံ အပြင် ဘက်၌ တိုက်ခိုက်မှုတစ်ရပ်တွင် ဒဏ်ရာရရှိ သွားသော အီရတ် ကလေးငယ် တစ်ဦးအား သူနာပြု ဆရာမ တစ်ဦးက သယ်ဆောင်လာစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



**အမေရိကန်စစ်လေယာဉ်များသည် နိုဝင်ဘာ ၂၃ ရက်က အီရတ်နိုင်ငံအလယ်ပိုင်းရှိ ပစ်မှတ်များကို တိုက်ခိုက်လျက်ရှိသည်။ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူသုံးဦးဒဏ်ရာရသွားသည်။**

**(အပေါ်ပုံမှာ အမေရိကန်ဂျက်လေယာဉ်များက ဘဂ္ဂဒက်မြောက်ဘက် ၇၅မိုင် အကွာ ဆာမာရာမြို့ကို ဗုံးကြဲတိုက်ခိုက်သဖြင့် အီရတ်ပြည်သူတို့ ပူဆွေးသောက ရောက်နေကြစဉ်။)** (ဓာတ်ပုံ- အင်တာနက်)

# မိုဆူးလ်မြို့၌ အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် ၎င်းတို့၏ စစ်ယာဉ်တန်း တနင်္ဂနွေနေ့က တစ်နေရာစီ၌ တိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောဆိုသည်။

တနင်္ဂနွေနေ့က သေဆုံးသော တပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ် ၁၀၁ လေကြောင်းချီတပ်မမှဖြစ်ပြီး မိုဆူးလ်မြို့တွင် ၎င်းတို့၏ယာဉ်တန်း လက်နက်များဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ တနင်္ဂနွေနေ့က ဘဂ္ဂဒက်မြောက်ဘက် ဘာကူဘာအနီး၌ စစ်ယာဉ်တန်းလမ်းဘေးဗုံးပေါက်ကွဲထိမှန်ရာမှ သေဆုံးခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှု၌ အခြားတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသည်။

သီတင်းပတ်ကုန်ပိုင်း၌ ယာဉ်မတော်တဆတိုက်မှုကြောင့်အခြားတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဌာနချုပ်က ပြောဆိုသည်။ **(အင်တာနက်)**



**နိုဝင်ဘာ ၂၃ရက်က မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရန်အကျဉ်းသားနှစ်ဦး အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်ခဲ့

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေးလကြာ ထိန်းသိမ်းထားခြင်းခံရသည့် အီရန်နိုင်ငံမှ ရုပ်မြင်သံကြားရိုက်ကူးသူနှစ်ဦးသည် အီရန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် အီရန်နိုင်ငံပိုင် အိုင်အာအိုင်ဘီမှ ရုပ်မြင်သံကြားရိုက်ကူးသူများဖြစ်ပြီး ကယ်ကွတ်မြို့ရှိ အမေရိကန်စစ်စခန်းတစ်ခုအားမှတ်တမ်းတင်ရိုက်ကူးရန်ကြိုးစားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

ဖမ်းဆီးထားစဉ်အတွင်း ၎င်းတို့နှစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရကြောင်း ပြောကြားခဲ့ကြသည်။

၎င်းတို့အား စိတ်ပိုင်းနှင့် ရုပ်ပိုင်းအရ နှိပ်စက်ခြင်းခံခဲ့ရကြောင်း၊ ယင်းလုပ်ရပ်ကြောင့် အမေရိကန်တို့အနေဖြင့် ကမ္ဘာတွင် အမည်းစက်ဖြစ်ခဲ့ကြောင်း နှစ်ဦးစလုံးက ပြောကြားခဲ့ကြသည်။

အိုင်အာအိုင်ဘီမှ ၎င်းတို့လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် ၎င်းတို့နှစ်ဦးအား ယခုလအစောပိုင်းက လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အီရတ်ရဲတပ်ဖွဲ့ဝင်များ အမေရိကန်တို့ကိုပြန်တိုက်လိုစိတ်များ ဖြစ်ပေါ်လာနေ

ဘဂ္ဂဒက် နိုင်ဝင်ဘာ ၂၄

**အီရတ်နိုင်ငံတွင် အမေရိကန်တို့နှင့် ပူးပေါင်းလုပ်ကိုင်သည်ဟုယူဆသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုများ မြင့်တက်လာသည့်အတွက် ယမန်နေ့က ရဲစခန်းနှစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့သည်။**

**အဆိုပါတိုက်ခိုက်မှုများကြောင့် ရဲအရာရှိ ၁၈ဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိသွားသည်။ ယခုကဲ့သို့တိုက်ခိုက်ခံရမှုများကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာပျက်ပြားနေသည့်အပြင် အမေရိကန်တို့အပေါ် မကျေမနပ်ဖြစ်မှုများ တိုးပွားလာလျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်ရဲစခန်းနှင့် တစ်ဖက်ကမ်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များက လာရောက်ကူညီမှုမရှိသည့်အတွက် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ ပျက်ပြားနေသည့်အပြင် အမေရိကန်တို့အပေါ် မကျေမနပ်ဖြစ်မှုများ တိုးပွားလာလျက်ရှိသည်။**

**ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်ရဲစခန်းနှင့် တစ်ဖက်ကမ်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ဒေါသထွက်လျက်ရှိသည်။ နေ့စဉ်လိုလို တိုက်ခိုက်ခံရမှုများကြောင့် အမေရိကန်တို့အပေါ် ယုံကြည်မှုများလျော့နည်းလာလျက်ရှိရာ အီရတ်ပြောက်ကျားများ၏စစ်ဆင်ရေး အောင်မြင်နေသည်ဟုဆိုနိုင်ကြောင်းနှင့် အီရတ်ရဲအရာရှိများပင်လျှင် ယူနီဖောင်းချွတ်ကာ အမေရိကန်တို့ကို ပြန်လည်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာနေသည်။** (စီအက်ဖ်အိုင်)

**နိုဝင်ဘာ ၂၃ရက်က အီရတ်နိုင်ငံဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးနေသော ကားတစ်စီးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# လက်နက်စစ်ဆေးရေးလုပ်ငန်းပြန်စရန် စစ်ဆေးသူများ အီရတ်နိုင်ငံသို့ပြန်သွားသင့်

မော်စကို နိုဝင်ဘာ ၂၃

**အဖျက်စွမ်းအားကြီးမားသော လက်နက်များရှာဖွေရေးလုပ်ငန်း ပြန်လည်စတင်လုပ်ဆောင်ရန်အတွက် ကုလသမဂ္ဂလက်နက်စစ်ဆေးသူများ အီရတ်သို့ပြန်သွားသင့်ကြောင်း ရုရှားနိုင်ငံက သောကြာနေ့၌ ထပ်လောင်းပြောကြားလိုက်သည်။**

ကုလသမဂ္ဂလက်နက်စစ်ဆေးသူများ ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှု ပြီးဆုံးသွားပြီးနောက်ပိုင်း၌ တိကျသော ကောက်ချက်တစ်ရပ်ကို ချနိုင်မည်ဟု ရုရှားနိုင်ငံက ပြောဆိုသည်။

အီရတ်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့်ဆက်နွှယ်မှုများအပေါ် ဆုံးဖြတ်ချက်ချမှတ်ရန် လိုအပ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောဆိုသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ပြန်သော လုပ်ငန်းဆောင်ရွက်မှုယန္တရား အကူအညီဖြင့် လုပ်ဆောင်နိုင်ကြောင်း၊ အထူးသဖြင့် ကုလသမဂ္ဂစောင့်ကြပ်မှုနှင့် စစ်ဆေးမှုကော်မရှင်မှတစ်ဆင့် လုပ်ဆောင်နိုင်ကြောင်း ၎င်းကပြောကြားသည်။ ဖီဒိုတော့ဗ်သည် ကုလသမဂ္ဂစောင့်ကြပ်မှုနှင့် စစ်ဆေးမှုကော်မရှင် (အန်မိုဗစ်)အစည်းအဝေးကို သောကြာနေ့တွင် နယူးယောက်၌ မကျင်းပမီ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# အမေရိကန်တပ်ဖွဲ့ဝင်များလက်ချက် ဟန်ဂေရီအရပ်သားတစ်ဦး သေဆုံး

ဘူဒါပက် (ဟန်ဂေရီ) နိုဝင်ဘာ ၂၂

**ဟန်ဂေရီအရပ်သားတစ်ဦးသည် ရာမာဒီမြို့တွင်ရှိသော စစ်ဘက်စစ်ဆေးရေးစခန်းရှိရာသို့ ကားကိုအပြင်းမောင်းလာပြီး ရပ်ခိုင်းသည်ကို အရေးမစိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်လိုက်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့၌ ပြောကြားသည်။**

အဆိုပါလူ၏ ကားသည် ဟမ်းဗီးစစ်ယာဉ်ကို ဝင်တိုက်သဖြင့် တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိသွားကြောင်းလည်း နိုင်ငံခြားရေးဌာနက ပြောကြားသည်။

သေဆုံးသူမှာ ပီကာဗာဂါဘာ လက်ဇ် (၂၇)နှစ်ဖြစ်သည်ဟုဆိုသည်။ ဗာဂါဘာလက်ဇ်သည် ယခုနှစ်အစောပိုင်း၌ အီရတ်ပဋိပက္ခစတင်ခဲ့သည်မှ ပထမဆုံးသေဆုံးသော ဟန်ဂေရီလူမျိုးတစ်ဦးဖြစ်သည်။ ၎င်းသည် အီရတ်တွင် ဂျာမနီကုမ္ပဏီတစ်ခု၌ ဘာသာပြန်နှင့် ယာဉ်မောင်းတစ်ဦးအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ **(အင်တာနက်)**

# ရောမနှင့်အီတလီမြို့ကြီးများတွင် စစ်ဆန့်ကျင်ရေးဆန္ဒပြ အီရတ်ရှိ အီတလီတပ်များရုပ်သိမ်းရေး တောင်းဆို

**ရောမ နိုဝင်ဘာ ၂၃**

ရောမမြို့တော်နှင့် အီတလီနိုင်ငံမြို့ကြီးများတွင် စနေနေ့က လူထောင်ပေါင်းများစွာတို့သည် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသမားများသည် အီတလီဝန်ကြီးချုပ် ဆာလ်ဗီရိုဘာလူစကိုနီ၏ ရုပ်ပုံကိုကိုင်ဆောင်ချီတက်ကြပြီး ဝန်ကြီးချုပ်က သင်တို့အတွက် အီရတ်နိုင်ငံတွင် အာမခံသည်ဟူသော စာတန်းကြီးကိုပါ သယ်ဆောင်လာကြသည်။

အီရတ်မှတပ်ရုပ်သိမ်းပေး၊ စစ်စရိတ်သုံးစွဲခြင်းကို ဆန့်ကျင်သည်၊ လူထုသက်သာချောင်ချိရေးဖန်တီးပေး စသည်ဖြင့် ရေးသားထားသော ပိုစတာများကို ကိုင်ဆောင်ချီတက်ဆန္ဒပြကြသည်။ ယနေ့ စုဝေးဆန္ဒပြကြခြင်းမှာ အီတလီတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှရုပ်သိမ်းရေး၊ စစ်အသုံးစရိတ် လျှော့ချသွားရေးကိစ္စများကို တောင်းဆိုရန် စုရုံးကြခြင်းပင်ဖြစ်ကြောင်း ဥပဒေရေးဆွဲသူတစ်ဦးက ပြောကြားသည်။

အီတလီနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးမြို့တော်ဖြစ်သော မီလန်မြို့နှင့် ဖလောရင့်မြို့များတွင်လည်း အလားတူဆန္ဒပြပွဲများ ကျင်းပခဲ့ကြသည်။ **(အင်တာနက်)**

**စာမျက်နှာ ၃ မှ**

## တစ်ပြေးညီသင်ကြားနိုင်

ယနေ့အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာတိုးတက်ဖြစ်ထွန်းမှုများသည် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလာသည်နှင့်အမျှ ဆေးပညာသင်ကြားရေးမှာလည်း နိုင်ငံတကာသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုက်လျောညီထွေစွာ ရောဂါရှာဖွေရေး၊ ကုသရေးနည်းစနစ်သစ်များ၊ ဆန်းသစ်ပေါ်ထွန်းလာနေသည့် ဆေးရုံသုံးပစ္စည်းကိရိယာများ၊ သင်ကြားမှု သင်ယူမှုအထောက်အကူပြု ပစ္စည်းကိရိယာများ၊ အချိန်နှင့်တစ်ပြေးညီရယူသင်ကြားလေ့ကျင့်ပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများ ဖြစ်လာစေရန် စနစ်တကျစီမံ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဆေးသိပ္ပံပညာရပ်များနှင့် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ နည်းစနစ်များ၊ သုတေသနတွေ့ရှိချက်များသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်အတွက် ယင်းသို့ပညာရပ်များ အလျင်းမပြတ် တိုးတက်ဖြစ်ပေါ်မှုဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲလေ့ကျင့်သင်ကြားပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများ ဖြစ်လာစေရန်အပြင် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ အပါအဝင် ကျန်းမာရေးဆိုင်ရာ ပညာရှင်များအားလုံးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးကြရမှာ ဖြစ်ကြောင်း။

အလားတူပင် နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် ဆီလျော်ညီညွတ်စွာ စံချိန်စံညွှန်းကိုက်ညီသည့်အပြင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဆေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များ ဖြစ်ထွန်းလာအောင် စနစ်တကျဆွေးနွေးညှိနှိုင်း စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေပြီဖြစ်သည့်အတွက် နိုင်ငံတော်၏တိုးတက်ဖြစ်ထွန်းမှုများနှင့်အညီ ရေရှည်အနာဂတ်ကိုမျှော်မှန်းသည့် ပြည်သူအများ၏ကျန်းမာရေး လိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်သည့် ဆေးပညာတိုးတက်ဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများဖြစ်လာအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

အထူးသဖြင့် ဆေးသိပ္ပံပညာရပ်များ ကျွမ်းကျင်တတ်မြောက်သည့်အပြင် မိမိတတ်ကျွမ်းရာ ဆေးပညာရပ်များကို တန်ဖိုးထားမြတ်နိုးပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းစွမ်းဆောင်လိုသည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပြင် ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထားရှိအပ်သည့် စေတနာ၊ စိတ်ထား၊ ကျင့်ဝတ်တို့ကိုပါ အလေးထားဖော်ဆောင်ပေးမည့် သင်ရိုးညွှန်းတမ်းများဖြစ်ထွန်းလာအောင် ဆွေးနွေးပြုစုပေးကြပါဟု မှာကြားလိုကြောင်း။

## ကြိုးပမ်းစွမ်းဆောင်

ခြုံငုံပြီးပြောကြားရလျှင် ယခုကဲ့သို့ ပညာရပ်ဆိုင်ရာ ပြည့်ပြည့်စုံစုံနှင့် ပညာရှင်များစုံစုံညီညီ ပါဝင်သည့် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲကြီး ကျင်းပနေသည့် အခြေအနေအချိန်အခါကောင်းတွင် ကျန်းမာရေးကဏ္ဍဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေးအတွက် ဆေးသိပ္ပံပညာဆိုင်ရာကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုနိုင်စေရေး ရည်မှန်းပြီး ကျန်းမာရေးကဏ္ဍနှင့် စပ်ဆိုင်သည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ၊ ခေတ်မီဆေးသိပ္ပံပညာရပ်များ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများမှသာမက ဆေးရုံများမှပါ ဆေးဘက်ဆိုင်ရာ ပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက် ဖြစ်ထွန်းရေး၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များအားလုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းရေးနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးတို့ကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းစနစ်များ ပေါ်ထွန်းလာစေရအောင် ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပညာရှင်များကို မှာကြားလိုသည်မှာ–

– **အမျိုးသားကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေး၊ ဆေးပညာအဆင့်အတန်းမြှင့်တင်ရေး၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကျယ်ပြန့်ထိရောက်စေရေးဦးတည်ပြီး နိုင်ငံတကာအဆင့်မီတဲ့အပြင် အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းစေမည့် ဆေးပညာသင်ကြားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းလာအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
– **ဆေးသိပ္ပံပညာရပ်များ သင်ကြားရာမှာ ခေတ်မီတိုးတက်သော နည်းပညာများ စနစ်တကျအသုံးပြုနိုင်ရေးနှင့် တက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် ဆေးရုံများမှာ နိုင်ငံတကာအဆင့်မီ ဆေးသိပ္ပံ ပညာရပ်များ ထွန်းကား ပြန့်ပွားရေးအတွက် စနစ်တကျ စီမံကြိုးပမ်းစွမ်းဆောင်ပေးကြပါ**

ဟု ပြောကြားပြီး ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲဆိုင်ရာပြခန်းငယ်ကို ကြည့်ရှုကြသည်။

အဆိုပါ ဆဋ္ဌမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ယနေ့မှစ၍ နိုဝင်ဘာ၂၇ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးပညာသင်ကြားရေးစွမ်းအားစုဗဟိုဌာန၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

**▼ ဆယ်စုနှစ်မှ**

၂၀၀၀ ပြည့်နှစ်မှစ၍ ဝင်ရောက် ပြီး မိတ်ဆွေ အာဆီယံအင်ဂျင်နီယာများနှင့်အတူအင်ဂျင်နီယာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် စွမ်းဆောင်လျက်ရှိသည်။

ယခုနှစ်တွင် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်က ထူးချွန်ဆုကြီး ငါးဆုကိုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံက နှစ်ဆုရယူခဲ့ပြီး စင်ကာပူနိုင်ငံက တစ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက တစ်ဆုနှင့်အင်ဒိုနီးရှားနိုင်ငံက တစ်ဆု ရရှိခဲ့သည်။

အာဆီယံအင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုများ ရရှိအောင် မြန်မာအင်ဂျင်နီယာများ မည်သို့ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေကို သိရှိနိုင်ရန် မြန်မာ့အလင်းအဖွဲ့က ထူးချွန်ဆုနှင့်စပ်လျဉ်း၍ သိလိုသည် များကို တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ တွေ့ဆုံခွင့်ရသည့် ပုဂ္ဂိုလ်မှာ မြန်မာအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့် ဖြစ်သည်။ ဒေါက်တာစိန်မြင့်က အင်ဂျင်နီယာအသင်းကြီး၏ ရည်ရွယ်ချက်နှင့် မျိုးဆက်သစ်အင်ဂျင်နီယာလူငယ်များအတွက် အတွေ့အကြုံကို ပြောကြားရာတွင် “ယခုအင်ဂျင်နီယာ ကျောင်းသားတွေ ဘာဖြစ်လာသလဲဆိုရင် ကျောင်းကသင်တဲ့စာနဲ့ မလုံလောက်တော့ဘူး၊ လုပ်ငန်းခွင်အတွေ့အကြုံ အများကြီးလိုအပ်လာတယ်။ အာရှနဲ့ အရှေ့တောင်အာရှမှာ ကျွန်တော်တို့



**“ဒီဆယ်စုနှစ်အတွင်းကျွန်တော်တို့နိုင်ငံမှာ တံတားကြီးတွေ အစီအရီပေါ်ထွန်းလာတာကြောင့် ကျွန်တော်တို့ အင်ဂျင်နီယာအသင်းကို အာဆီယံက ဂုဏ်ပြုတာ ဖြစ်ပါတယ်”**

ဦးဟန်ဇော်
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်၊ တံတား)

နှစ်ပေါင်းအတော်ကြာ ကိုယ့်ဘာသာကိုယ် တိမ်မြုပ်နေခဲ့ကြတယ်။ အဲဒီတိမ်မြုပ်နေတဲ့ပတ္တမြားကို ကျွန်တော်တို့ ဖော်ထုတ်ဖို့လိုတယ်။ ကျွန်တော်တို့ အာဆီယံသွားတော့ အာဆီယံမှာ Integration လုပ်တဲ့အခါအာဆီယံ အင်ဂျင်နီယာတွေ အရည်အချင်းပြည့်ဝကြတာကိုတွေ့ရတယ်။ ကျွန်တော်တို့ကလဲ ကျွန်တော်တို့ဆီက မျိုးဆက်သစ်လူငယ်တွေကို သူတို့နဲ့ တန်းတူထက်မြက်သွက်လက်နေအောင် ဆောင်ရွက်ပေးရမယ်လို့ အသင်းကြီးက ရည်ရွယ်ချက် ချမှတ်ထားပါတယ်” ဟူ၍ ရှင်းလင်းပြောပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးနေစိုးနိုင်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုနှစ်ဆု ရရှိခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် “ဒီဆု နှစ်ဆုရရှိခြင်းဟာ နိုင်ငံတော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ အင်ဂျင်နီယာ

# စက်မှုစွမ်းအား ခေတ်ကျော်လွှား



**“မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာများကို အာဆီယံ အင်ဂျင်နီယာများနဲ့တန်းတူ ထက်မြက်သွက်လက်နေအောင် ဆောင်ရွက်ပေးရမယ်”**

ဒေါက်တာစိန်မြင့်
(မြန်မာအင်ဂျင်နီယာ အသင်း ဥက္ကဋ္ဌ)

အသင်းတို့ သုံးဦးသုံးဖလှယ် ကြိုးစားမှုကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြစ်တွေ၊ ချောင်းတွေ၊ တောတွေ၊ တောင်တွေပေါများတဲ့အတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်အောင် လမ်းကွန်ရက်တွေ တည်ဆောက်ရပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဟာ လွန်ခဲ့တဲ့ ၁၀နှစ်ကစပြီး အဓိကအရေးကြီးတဲ့ လမ်း၊ တံတားများကို ပြတ်တောက်မှုမရှိအောင်အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါတယ်။ အလွန်တိုတောင်းတဲ့ ဆယ်စုနှစ်ကာလအတွင်း တံတားကြီးများ အစီအရီ ပေါ်ထွန်းခဲ့တာကို အခြားနိုင်ငံများနှင့်ယှဉ်လျှင် ထူးထူးခြားခြား ပေါ်လွင်သိသာတဲ့အတွက် တည်ဆောက်မှုလုပ်ငန်းကိုအသိအမှတ်ပြုတဲ့ သဘောနဲ့ ဒီဆုကို ဂုဏ်ပြုတာ ဖြစ်ပါတယ်” ဟူ၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ အာဆီယံအင်ဂျင်နီယာ လုပ်ငန်းထူးချွန်ဆုရရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဟန်ဇော် (အင်ဂျင်နီယာချုပ်၊ တံတား) နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးဟန်ဇော်က ဆုရရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် “ကျွန်တော်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှာ ဗဟိုအလုပ် အမှုဆောင် ဖြစ်ပါတယ်။

ကျွန်တော်က AFEO (21)မှာ တံတားတွေနဲ့ပတ်သက်ပြီး စာတမ်းပြုစုဖို့ တာဝန်ယူရပါတယ်။ AFEO တိုင်းမှာ ခေါင်းစဉ်လေးတွေရှိပါတယ်။ ဒီထဲမှာပါဝင်တဲ့ ခေါင်းစဉ်နဲ့ ဆက်စပ်ပြီးကျွန်တော်ကကိုယ့်အားကိုယ်ကိုးကာ Engineering Technology ကို တိုးတက်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ခေါင်းစဉ်ကို အခြေခံ၍ မြန်မာနိုင်ငံမှာ တံတားများကို တည်ဆောက်ခဲ့တဲ့ ဆယ်စုနှစ်ဆိုပြီး ခေါင်းစဉ်တပ်ကာ အပိုင်းလေးပိုင်းခွဲပြီး တင်ပြခဲ့ပါတယ်။ လက်ရှိ နိုင်ငံတော်အစိုးရ လက်ထက်မှာ တောင်မြောက်သာမက အရှေ့အနောက်လမ်းတွေကို ကွန်ရက်သဖွယ် ဖြစ်အောင် တိုးချဲ့လာတဲ့အတွက် တံတားတွေဆောက်ဖို့ လိုအပ်လာပါတယ်။ဆယ်စုနှစ်အတွင်း နိုင်ငံခြားအထောက် အပံ့မယူဘဲ အရင်းတုန်းကသိခဲ့တဲ့ အတွေ့အကြုံ၊ နည်းပညာ၊ စက်ယန္တရားတွေကို

အခြေခံပြီး ပြည်တွင်း ပညာရှင်များ ပူးပေါင်းကာ အဓိက မြစ်ကြီးလေးစင်းကိုဖြတ်၍ တံတားကြီး ၁၃ စင်း အပါအဝင် တစ်နိုင်ငံလုံးမှာ ပေ ၁၈၀ အထက် တံတား ၁၅၈စင်းကို စာတမ်းတင်ချိန်မှာ တည်ဆောက်ဖွင့်လှစ်ပြီးကြောင်း တင်ပြခဲ့တယ်။ တည်ဆောက်ဆဲတံတား ၃၁ စင်းနဲ့ ဆက်လက်တည်ဆောက်မယ့်တံတား ၂၃စင်း စသည်ဖြင့် စာရင်းဇယားတွေနဲ့ တင်ပြတယ်။ ဆောက်လုပ်ပြီးတံတားတွေကိုလဲ မြေပုံနဲ့တကွ ရှင်းလင်းပြသခဲ့တယ်။

ဒါ့အပြင် သက်ဆိုင်ရာတံတားများ၏ ထူးခြားတဲ့ အပိုင်းများကို ထောက်ပြတဲ့အတွက် နားထောင်သူတွေ စိတ်ဝင်စားလာပြီး အံ့ဩမှုတွေနဲ့ ချီးကျူးစကားများ ဆိုကြပါတယ်။ ဒီစာတမ်းကို အခြေပြုပြီး ဒီဆယ်စုနှစ်အတွင်း ကျွန်တော်တို့နိုင်ငံမှာ တံတားကြီးတွေ အစီအရီပေါ်ထွန်းလာမှုကြောင့် ကျွန်တော်တို့ အင်ဂျင်နီယာအသင်းကို အာဆီယံက ဂုဏ်ပြုဆုပေးခြင်း ဖြစ်ပါတယ်”ဟူ၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ပခက်လွှဲသော အမျိုးသမီးများ၏လက်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၏ နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် အမျိုးသားများနည်းတူ စွမ်းဆောင်မှုပေးနိုင်ခဲ့ကြသည်။ ယခုအခါ မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကိုရဲနွယ်တံတား ပြယုဂ်က ထုတ်ဖော်ပြသ နိုင်ခဲ့သည်။

ဤသည်မှာ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ၏ အခန်းကဏ္ဍကို ကမ္ဘာကသိအောင် ကမ္ပည်းမှတ်တိုင်သဖွယ် ဖွင့်လှစ်ပြသလိုက်ခြင်း ဖြစ်သည်။ ယခုနှစ် အာဆီယံ အင်ဂျင်နီယာထူးချွန်ဆု ရယူပေးလိုက်သည့် ရဲနွယ်တံတားတည်ဆောက်ရေးအဖွဲ့ကို မြန်မာ့အလင်းက သိလိုသည်များ မေးမြန်းခဲ့သည်။

အဖွဲ့ခေါင်းဆောင်အင်ဂျင်နီယာမှူး ဒေါ်စီသန်းက “တံတားက ရန်ကုန်–မန္တလေးလမ်းပေါ်ရှိ လေးလမ်းသွား ရဲနွယ်တံတား တည်ဆောက်တဲ့ အဖွဲ့က ပထမဦးဆုံး တည်ဆောက်ခဲ့တဲ့ မြန်မာအမျိုး သမီးအင်ဂျင်နီယာများ၊ တံတား တည်ဆောက်ရေးသဘောသဘာဝက အမျိုးသားတွေပဲ ဆောင်ရွက် တာများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေ့ညမရွေးလုပ်ရတာဖြစ်တဲ့အပြင် ရာသီဥတုဒဏ်၊ ပင်ပန်းမှုဒဏ်နဲ့စက်ယန္တရားကြီးများကိုင်တွယ်အသုံးပြုရလို့ ထိခိုက်မှု အန္တရာယ်ကြုံတွေ့မှုတွေလဲ ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ အမျိုးသမီး အင်ဂျင်နီယာများကတော့ ဒီအခက်အခဲကို ကျော်ဖြတ်နိုင်ဖို့ နေ့ညမရွေး အပင်ပန်းခံပြီး မလျှော့သော ဇွဲလုံ့လနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့အတွက် အသိအမှတ်ပြုပြီး ချီးမြှင့်တာ ဖြစ်ပါတယ်”ဟူ၍ ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုကိုခံယူပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆက်သွယ်ရေးလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံ ဖြစ်သည့် လမ်း၊တံတားများကို တစ်နိုင်ငံလုံးတွင် တိုတောင်းလှသော ဆယ်စုနှစ်အတွင်း အစီအရီပေါ်ထွန်းလာအောင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုကြောင့် မြန်မာအင်ဂျင်နီယာများ၏ ဂုဏ်နှင့်နိုင်ငံတော်၏ဂုဏ်ကိုအာဆီယံ



**“ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကစပြီး အဓိက အရေးကြီးတဲ့ လမ်း၊ တံတားများကို ပြတ်တောက်မှုမရှိအောင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်”**

ဦးနေစိုးနိုင်
(ဦးဆောင်ညွှန်ကြားရေးမှူး)

နိုင်ငံများကအသိအမှတ်ပြုလာရသည်။ ထို့ပြင် လမ်း၊တံတား တည်ဆောက်ရေးတွင် ထူးချွန်ဆုကြီးများ ရရှိလိုက်သည်သာမက တံတားတည်ဆောက်ရေးအင်ဂျင်နီယာ အတတ်ပညာဘက်တွင်လည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး



**“ကျွန်မတို့မြန်မာအမျိုးသမီးအင်ဂျင်နီယာတွေဟာ နေ့ညမရွေး အပင်ပန်းခံပြီး မလျှော့သောဇွဲလုံ့လနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့အတွက် အသိအမှတ်ပြုပြီး ချီးမြှင့်တာ ဖြစ်ပါတယ်”**

ဒေါ်စီသန်း (အဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာမှူး)

တည်ဆောက်ရေးနည်းပညာများ ပိုမိုရင့်ကျက်လာသည်။

မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်နိုင်မှု အရည်အချင်းကို အာရှတွင်မက ကမ္ဘာကပါသိအောင် တင်ပြနိုင်ခြင်းပင် ဖြစ်သည်။ နောင်မျိုးဆက်သစ်လူငယ်များအတွက် စိတ်ဓာတ်မြင့်မားပြီး အတုယူလာစရာဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အချို့နိုင်ငံများက မြန်မာအင်ဂျင်နီယာများအကြောင်းကို မှန်မှန် ကန်ကန် မသိသေးသည့်အချိန်တွင် မြန်မာအင်ဂျင်နီယာထုကြီး အနေဖြင့် (၂၁) ကြိမ်မြောက် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံ၌ မိမိအင်ဂျင်နီယာအသင်း၏ စွမ်းပကားနှင့် မိမိနိုင်ငံ၏ ဂုဏ်ကို တတိယမြောက် ထပ်မံဖော်ထုတ် ပြသလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်နိုင်မှုအရည်အချင်းကို အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုလာရတော့မည် ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့




စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)က ချမှတ်လိုက်သည့် ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း နှစ်ရပ်တို့ကို တင်ပြသည်။

ဆက်လက်၍ သဘာပတိ ပြည်အတွက် ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသွားကြကြောင်း၊ ကိုယ်စားလှယ်များတင်ပြသွားသည့် တစ်နှစ်တာအတွင်း လှုပ်ရှားဆောင်ရွက်မှုများအပေါ် သုံးသပ်မည်ဆိုလျှင် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များကို မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အောင်မြင်ပြီးဆုံးပြီဖြစ်သည့် အစည်းအဝေးကြီး၏ စုံညီအစည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် မိမိတို့အားလုံး ညှိနှိုင်းဆွေးနွေးဆုံးဖြတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များသည် အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်သည့်နေရာတွင် မိမိတို့အသင်းကြီးက ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်များဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ယင်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် အမျိုး

## အမှာစကားပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၃) တတိယနေ့နှင့် နောက်ဆုံးနေ့ အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်တွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**



● ***နိုင်ငံတော်မှ***

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၃)တတိယနေ့နှင့် နောက်ဆုံးနေ့အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးတင်လှိုင်နှင့် ဦးပြည့်စုံတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရောဝတီတိုင်း ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်မြတ်လေးငုံကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသင်းဝင် ဒေါ်မြသန္တာဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

အစီအစဉ်အရ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) တွင် မိန့်ကြားခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဩဝါဒမိန့်မှာချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန် ဤအစည်းအဝေးကြီးက ဆုံးဖြတ်ကြောင်း ကြေညာသည်။

## အစီရင်ခံစာအတည်ပြု

ထို့နောက် သဘာပတိ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)သို့ တင်သွင်းထားသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ဆန္ဒကို ရယူပြီးနောက် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

## ရှေ့လုပ်ငန်းစဉ်ချမှတ်

ဆက်လက်၍ သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသော ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ရန် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ဆန္ဒကို ရယူပြီးနောက် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ရန် အစည်းအဝေးက ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိက နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)၏ ပထမနေ့နှင့် ဒုတိယနေ့တွင်တင်သွင်းထားသည့် ပြည်နယ်နှင့်တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ရန် အစည်းအဝေး၏ဆန္ဒကို ရယူပြီးနောက် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်နှင့် တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို မှတ်တမ်းတင်ကြောင်းကြေညာသည်။

## တွေ့ရှိချက်မှတ်တမ်းတင်

ဆက်လက်၍ သဘာပတိက နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃)၏ ဒုတိယနေ့တွင် တင်သွင်းထားသည့် စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ရန် အစည်းအဝေး၏ဆန္ဒကို ရယူပြီးနောက် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင်မကြာမီအချိန်အတွင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) အောင်မြင်စွာ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ အစည်းအဝေးကြီး အောင်မြင်စွာပြီးစီးခြင်းသည် ဤအစည်းအဝေးကြီးက ပေါ်ထွက်လာမှုများကို လက်တွေ့ အကောင်အထည်ဖော်ကြရန်အတွက် အစပင်ဖြစ်ကြောင်း၊ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီး ကျင်းပနေသည့်ကာလအတွင်း စုံညီအစည်းအဝေးများနှင့် အစုအဖွဲ့လိုက် နှီးနှောဖလှယ်ပွဲများ၏ အစီအစဉ်တိုင်းတွင် အသင်း ကိုယ်စားလှယ်များအနေဖြင့် နိုးကြားမှု၊ တာဝန်သိမှုများနှင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို ဂုဏ်ယူအားတက်ဖွယ် တွေ့ရှိရကြောင်း။

အစည်းအဝေးကြီးတွင် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသအလိုက် တစ်နှစ်တာကာလအတွင်း ချမှတ်ထားသည့် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားခဲ့ကြကြောင်း၊ ဆွေးနွေးတင်ပြချက်များကို လေ့လာကြည့်မည်ဆိုလျှင် အဓိကအားဖြင့် ဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒေသအတွင်း စီးပွားရေးစီမံကိန်းများ အောင်မြင်မှုရှိစေရန်အတွက် ပါဝင်ဆောင်ရွက်မှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဝေးများနှင့် အစုအဖွဲ့အလိုက် နှီးနှောဖလှယ်ပွဲများတွင် ကိုယ်စားလှယ်များအနေဖြင့် အသင်းကြီး၏ စည်းရုံးရေးကဏ္ဍ၊ စီမံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှု ကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင်သာမကဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် အသင်းကြီးက ပါဝင်ဆောင်ရွက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို အလေးအနက်ထားပြီး ဆွေးနွေးခဲ့ကြကြောင်း၊ ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်ခဲ့ကြကြောင်း။

အားလုံးသိရှိကြပြီးဖြစ်သည့်အတိုင်း မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ်ရောက်အောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ လက်တွဲပြီး ဝိုင်းဝန်းအကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအပေါင်းတို့၏ စီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်း အစီအစဉ်ရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားရေးပန်းတိုင်ကို ရောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း ချမှတ်ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အမျိုးသားရေးအသင်းကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း အမျိုးသားရေးပန်းတိုင်ကိုရောက်အောင် တပ်မတော်၊ ပြည်သူနှင့် လက်တွဲပြီး ပါဝင်ပူးပေါင်းသားရေးအသင်းကြီးဖြစ်သော မိမိတို့အသင်းကြီး၏ ရည်မှန်းချက်များ ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခါမလပ်လမ်းညွှန်ဩဝါဒများ ချမှတ်ပေးလျက်ရှိကြောင်း၊ ယနေ့မနက်ပိုင်းတွင်လည်း မိမိတို့အသင်းနာယကကြီးဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ကြွရောက်ပြီး လမ်းညွှန်ဩဝါဒပေးခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် ဩဝါဒစကားမြွက်ကြားရာတွင် **"နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်မှုအခြေအနေများအား ရှင်းလင်းမိန့်ကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိပ္ပာယ်ထဲတွင် တရားဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှု အပါအဝင် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားများပါရှိပြီး အခြေခံကောင်းများရရှိအောင် အရှိန်အဟုန်ဖြင့် တည်ဆောက်နေခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အခြေခံအုတ်မြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ခိုင်မာသည့် အခြေခံအုတ်မြစ်အပေါ်တွင် အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိ ကျင့်သုံးနိုင်အောင် ပဓာနကျသည့် အခြေခံသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ စီးပွားရေးခိုင်မာတောင့်တင်းအောင် ဆောင်ရွက်နေရေးနှင့် အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးတို့ပင်ဖြစ်တယ်"** လို့ မိန့်ကြားခဲ့

ကြောင်း၊ နိဂုံးချုပ်တွင်လည်း အချက်သုံးချက်ကို မှာကြားခဲ့ကြောင်း၊ ယင်းအချက်များမှာ (၁) အသင်းဝင်များ၏ စိတ်ဓာတ်စွမ်းရည်နှင့် ကျွမ်းကျင်မှု အရည်အသွေး ပြည့်စုံသည့် အင်အားစုများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရေး၊ (၂) အသင်းကြီးအနေဖြင့် ပြည်သူလူထုများ၏ အကျိုးစီးပွားကို တာဝန်ယူလိုသည့် ခံယူချက်ကို ကြိုဆိုရင်း ယခုဆောင်ရွက်နေသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ (၃) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန်တို့ဖြစ်ကြောင်း၊ နာယကကြီး၏ မိန့်မှာချက်များသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးအတွက် အသင်းကြီးက အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်အနေဖြင့် နာယကကြီး၏ လမ်းညွှန်သြဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း။

အစည်းအဝေးကြီး၏ ပထမနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအနေဖြင့် လမ်းညွှန်အမှာစကားပြောကြားခဲ့ကြောင်း၊ ယင်းလမ်းညွှန်အမှာစကားများကိုလည်း မိမိတို့အားလုံး မှတ်သားလိုက်နာကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို စိတ်ကောင်း၊ စေတနာကောင်းထားပြီး ပုံဖော်တည်ဆောက်ပေးနေသည်ဆိုခြင်းကို မိမိတို့အားလုံးယုံကြည်ပြီးဖြစ်ကြောင်း၊အောင်မြင်မှုရှိအောင်လည်း ပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဝါဒစွဲ၊ ပါတီစွဲ၊ အတ္တစွဲရှိနေကြသူများလည်းရှိနေသည်ဆိုသည်ကို သတိထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုး၊ အမျိုးသားအကျိုးအတွက် အယူအဆမတူညီသူများကို စိတ်ရှည်သည်းခံစွာဖြင့် ဆွဲဆောင်စည်းရုံးခြင်း၊ အမှန်တကယ် အကျိုးဖြစ်ထွန်းစေနိုင်သည့် လုပ်ရပ်များအား စိတ်ရင်းစေတနာမှန်ပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်ခြင်းတို့ဖြင့် ဆွဲဆောင်ရန်လိုသလို လိုက်နာဆောင်ရွက်ခြင်းမရှိပါကလည်း ထိန်းချုပ်ကာကွယ်နိုင်မည့် နည်းလမ်းများကို ကြိုတင်စဉ်းစားထားကြရမည်ဖြစ်ကြောင်း၊ ထိန်းချုပ်ကာကွယ်နိုင်ရန် ကိုယ်တိုင်အင်အား တောင့်တင်းကျစ်လျစ်ခိုင်မာပြီး စွမ်းရည်ထက်မြက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုအတွင်းကိုလည်း ဝင်ရောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ရင်းနှီးခင်မင်မှု၊ ယုံကြည်အားကိုးမှုများကို ရအောင် လက်တွေ့ကျသည့်လုပ်ငန်းများဖြင့် စည်းရုံးဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လူထုအတွင်း ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ခြေရှုပ်သွေးထိုးမှုကိုကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းအချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရန် မှာကြားလိုကြောင်း။

အောင်မြင်ပြီးဆုံးပြီဖြစ်သည့် အစည်းအဝေးကြီးက မိမိတို့အသင်းကြီးအတွက် အရေးပါသော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလမ်းညွှန်မှုများကို ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဤအစည်းအဝေးကြီးပြီးမြောက်အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကိုယ်စား မှတ်တမ်းတင်ပြောကြားလိုကြောင်း၊ မိမိတို့အားလုံး မိမိနယ်မြေများကို ပြန်လည်ရောက်ရှိသည့်အခါတွင် အစည်းအဝေးကြီးက ရရှိလာသော ရလဒ်ကောင်းများကို အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)သို့ တက်ရောက်လာကြသည့် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက ပြည်ထောင်စုမပြိုကွဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး (ဒို့အရေး၊ဒို့အရေး)ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)၏ ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)ကို နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**(သတင်းစဉ်)**



**အခမ်းအနားမှူးအဖြစ် ရောဝတီတိုင်း ပုသိမ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန် အလုပ်အမှုဆောင် ဒေါ်မြတ်လေးငုံက ဆောင်ရွက်ပြီးတွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်မြသန္တာဦးတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)**

## ✻ နှစ်ပတ်လည်မှ

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) ပထမနေ့ နိုဝင်ဘာ ၁၉ ရက်တွင် တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင်ပါရှိသော အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ရန်ဆုံးဖြတ်သည်။

### ရှေ့လုပ်ငန်းစဉ်များ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်တည်ဆောက်ရေး။

နိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို အသင်းကြီး၏မူဝါဒအဖြစ် ခံယူကျင့်သုံးရေး။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် (၂၀၀၃)ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ပုဂံလူထုအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တတိယကာလတိုငါးနှစ်စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်းဆောင်ရွက်သွားရေး။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ စွမ်းရည်လေးရပ်မြင့်တင်ပြီး ကွက်ပြည့်စည်းရုံးသွားရေး။

အသင်းနာယကကြီးမိန့်ကြားသော သြဝါဒများကို မိမိတို့၏လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေးတို့ဖြစ်သည်။

### အစီရင်ခံစာအတည်ပြု

အတည်ပြုခြင်းတစ်ရပ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့ နိုဝင်ဘာ ၁၉ ရက်တွင်တင်သွင်းသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

### မှတ်တမ်းတင်

မှတ်တမ်းတင်ခြင်းနှစ်ရပ်အနက် မှတ်တမ်းတင်ခြင်းအမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)၏ ပထမနေ့ နိုဝင်ဘာ ၁၉ ရက်နှင့် ဒုတိယနေ့ နိုဝင်ဘာ ၂၀ ရက်တို့တွင် တင်သွင်းသည့် ပြည်နယ်နှင့်တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်းအမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)၏ ဒုတိယနေ့ နိုဝင်ဘာ ၂၀ ရက်တွင်တင်သွင်းသည့် စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။ **(သတင်းစဉ်)**

# စီးပွားကူးသန်း ရှေ့သို့လှမ်း

## ✡ စေတနာမှ

ယင်းဖြစ်ပေါ်တိုးတက်မှုများကား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးကို တွန်းအားပေးရေးရှုလျက်ရှိနေသည်။ ဤဖြစ်ပေါ်တိုးတက်မှုများကား ငြင်းကွယ်၍မရနိုင်သော အမှန်တရားများလည်းဖြစ်သည်။

ခေတ်မီနိုင်ငံဖြစ်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသော အချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့်ပင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ခေတ်အဆက်ဆက်အရေးပါနေဦးမည့်ဌာနတစ်ခုဖြစ်သည်။

လူမှုဝန်ထမ်းဌာနအဖြစ် သီးသန့်ဖွဲ့စည်းဆောင်ရွက်လာခဲ့သည်မှာ ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှသည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၅ ရက်အထိ နှစ်(၅၀)ပြည့်ရွှေရတုကာလသို့ တိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။

လူမှုဝန်ထမ်းလုပ်ငန်းသည် လူမှုရေးအရ ကူညီစောင့်ရှောက်ပေးရန်လိုအပ်နေသူများကို စေတနာ၊ မေတ္တာ၊ ကရုဏာ အရင်းခံပြီး လူလူချင်း ညာတာထောက်ထားကာ ကူညီဆောင်ရွက်ပေးသော ပရဟိတလုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုရေးလိုအပ်ချက်များ (သို့မဟုတ်) လူမှုရေးပြဿနာများကို ၎င်းတို့ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိလာစေရန် ၎င်းတို့၏ တိမ်မြုပ်နေသော ကာယ၊ ဉာဏစွမ်းအားများကို နည်းမှန်လမ်းမှန် စနစ်တကျ ရှာဖွေဖော်ထုတ်ပေးသော လုပ်ငန်းဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို လူမှုရေးပြဿနာကားရှိမြဲဖြစ်သည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပေါ်ပေါက်လာသော လူမှုရေးပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နေထိုင်နိုင်ခြင်းစသည့် လူမှုဝန်ထမ်းဆိုင်ရာ နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများလည်း ပါဝင်စွမ်းဆောင်နိုင်စေရမည်၊ နိုင်ငံသားတိုင်း မြန်မာ့ရိုးရာ လူမှုရေး အစဉ်အလာကောင်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် ၂၁ ရာစုတွင် ဒေသတွင်း လူမှုရေးစနစ်စံနမူနာပြ အဖြစ် ရောက်ရှိစေရမည်၊ လူမှုဝန် ထမ်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လူမှုရေးတာဝန်များကို ထမ်းဆောင်နိုင်မည့် စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုဖြင့် ရယူဆောင်ရွက်သွားမည် ဟူသော မူဝါဒကို ကိုင်စွဲ၍ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းနှင့် လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းရှစ်ရပ်နှင့် စပ်လျဉ်း၍ ဦးစားပေးအဆင့် လုပ်ငန်းရပ်များကို သိရှိနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်အား မြန်မာ့အလင်းကသွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က "များပြားလှတဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေထဲက အရေးကြီးဆုံးက ကလေးသူငယ်စောင့်ရှောက်ရေးနဲ့ ကလေးနဲ့လူငယ်စောင့်ရှောက်ရေးလုပ်ငန်းဖြစ်တယ်။ ကလေးသူငယ်ဆိုတာ ငါးနှစ်အောက်ကလေးနဲ့ လူငယ်ကငါးနှစ်နဲ့အထက် ကျောင်းနေအရွယ် (၁၈) နှစ်နဲ့ (၁၈)နှစ်ကျော်ဖြစ်ပါတယ်။ ဒီလုပ်ငန်းကအတော်ဦးစားပေးရတာ ဘာကြောင့်လဲဆိုတော့ မိဘမဲ့ကလေး



**မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)မှ စာပေပညာ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိဘဝကိုမိမိဘာသာ ရပ်တည်နိုင်စေရန် မျက်မမြင်ကွန်ပျူတာသင်ကြားပေးစဉ်။ (ဓာတ်ပုံ–တင်စိုး၊ မြန်မာ့အလင်း)**

တွေကို ကလေးသူငယ်ဥပဒေအရ အထူးကာကွယ်စောင့်ရှောက်ပေးရပြီး ဒီကလေးတွေကိုလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်ပေးရတာမို့ပါ။ ဒီကလေးတွေက လူ့လောကအတွက်လူပိုလေးတွေမဟုတ်ဘူး၊ ဝန်ထုပ်ဝန်ပိုးတွေမဟုတ်ဘူး၊ သူတို့ဟာလူ့လောကအတွက်လူသားအရင်းအမြစ်တွေဖြစ်တယ်၊ အနာဂတ်ရှိတဲ့ ကလေးတွေဖြစ်တယ်၊ အနာဂတ်မဲ့တဲ့ ကလေးတွေ မဟုတ်ဘူးဆိုတာ သိစေချင်တယ်။ အထူးသဖြင့် သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ပညာရေးပိုင်းဆိုင်ရာကို စောင့်ရှောက်ပေးရတာဖြစ်လို့ ဦးစားပေးလုပ်ငန်းလို့သတ်မှတ်ပါတယ်။

လူမှုဝန်ထမ်းဌာနက မွေးထုတ်ပေးတဲ့အထဲမှာ ထူးချွန်သူတွေရှိပါတယ်။ ဒီဌာနမှာပဲ ဒုတိယညွှန်ကြားရေးမှူးအဆင့် တစ်ဦးရှိတယ်။ လက်ရှိကျောင်းအုပ်တွေ၊ အရာရှိတွေအနေနဲ့ တိုင်းပြည်တာဝန်ထမ်းတဲ့သူတွေ၊ ပြီးတော့ အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်သူတွေရှိပါတယ်။ မသန်စွမ်းအားကစားမှာလဲ နိုင်ငံတကာဆုရသူတွေ၊ အာဆီယံဆုတွေ၊ အာရှပစိဖိတ်ဆုရသူတွေတောင်ရှိပါတယ်။ တက္ကသိုလ်ဘွဲ့ရတွေလဲ အများကြီးရှိပါတယ်။ ဒီအသီးအပွင့်တွေဟာ နိုင်ငံတော်အတွက် အသီးအပွင့်တွေ၊ နိုင်ငံတော်ကအားထားရတဲ့သူတွေလို့ ဆိုရမှာပါ။

"လူမှုဝန်ထမ်းလုပ်ငန်းကို တစ်နှစ်၊ နှစ်နှစ်နဲ့ လုပ်လို့မရပါဘူး။ ရေရှည်လုပ်ရပါမယ်။ အခြေခံကတော့ ဆင်းရဲမှုတိုက်ဖျက်ရမယ်၊ ဖောက်ပြန်တဲ့ လူမှုရေးစနစ်တွေကို ကာကွယ်တားဆီးရပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘာသာရေးနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေက အားကောင်းတဲ့ အထောက်အပံ့တွေပါ။ ပြီးတော့ တစ်လင်တစ်မယားစနစ်ကလဲ အများကြီး အထောက်အကူပြုပါတယ်။ တစ်အိမ်ထဲမှာ အဘိုးအဘွား၊ အဖေအမေ၊ သားသမီး၊ မြေးမြစ်အထိရှိတဲ့ နွေးထွေးတဲ့ လူမှုရေးစနစ်မျိုးက မြန်မာနိုင်ငံမှာပဲ တွေ့နိုင်တယ်။ နိုင်ငံခြားမှာ မတွေ့နိုင်ဘူး။ သူတို့ဆီမှာ အိမ်ထောင်မကျမီကတဲ့ မိဘနဲ့ခွဲနေကြတယ်။ လင်နဲ့မယား စောင့်စည်းမှုအားနည်းတယ်။ ဒါကြောင့် ကလေးတွေ ဂိုဏ်းဖွဲ့ပြီး ဆိုးသွမ်းနေတာအထိ တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ မရှိပါဘူး။

လူမှုဝန်ထမ်းလုပ်ငန်းဆိုတာ ကျယ်ပြန့်တယ်။ လူတစ်ဦးချင်းစီရဲ့ ကောင်းကျိုးအပြင် လူအများရဲ့ ကောင်းကျိုးကို ရည်ရွယ်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်း ဖြစ်လို့ ပြည်သူတစ်ရပ်လုံးနဲ့ဆိုင်တယ်။ ဒီလုပ်ငန်းကို နိုင်ငံတော်က ဦးစားပေးလုပ်သလို ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်လုပ်ဆောင်ရင် ဒီထက်ပိုအောင်မြင်နိုင်ပါတယ်။ ဒီလုပ်ငန်းကို လူမှုဝန်ထမ်းဌာနတစ်ခုတည်းလုပ်လို့ သိပ်မအောင်မြင်နိုင် ပါဘူး။ လူတိုင်းမှာ လူမှုရေးဆိုတာ ရှိတယ်။ လူမှုရေး မချို့တဲ့တဲ့လူမရှိပါဘူး။ ဘဝကိုထိခိုက်တာနဲ့ မထိခိုက်တာဘဲ ကွာတာပါ။ လူတိုင်းမှာလူမှုရေးဆိုတာ နေ့စဉ်နှင့်အမျှ၊ အချိန်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနေရတယ်။ ဖြေရှင်းတဲ့နေရာမှာ အခြေခံကောင်းတွေရှိရင် မှန်ကန်တဲ့အဖြေရတယ်။ အခြေခံကောင်းမရှိရင် မှားယွင်းတဲ့ဖြေရှင်းမှု ဖြစ်မယ်။ လူမှုရေးလုပ်ငန်းဟာ ကျယ်ပြန့်ပါတယ်။ ဒါကြောင့် လူတိုင်းမှာတာဝန်ရှိပါတယ်။ ဒီတာဝန်ကို နိုင်ငံသူ နိုင်ငံသားတိုင်း ထိန်းသိမ်းကာကွယ်မယ်ဆိုရင် ကျေနပ်နှစ်လိုဖွယ်ကောင်းတဲ့ လူ့အဖွဲ့အစည်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို မလွဲမသွေ တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ။

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅–၁၁–၂၀၀၃ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓမ္မာအဋ္ဌကထာ မဟာသဒ္ဓမ္မဇောတိကတောင်ထန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ကဗျာ့ပန်းဥယျာဉ် |
| ၈:၀၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၈:၁၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Grammar Made Easy |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [သတ္တဗေဒ] |
| ၁၇:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၃၀ | ၇။ | ခံစားနားဆင်တေးဓာတ်ဝင် |
| ၁၇:၄၀ | ၈။ | ကျင်းသာရေလှောင်တမံ |
| ၁၇:၅၀ | ၉။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈:၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၂။ | Milo Success in Soccer |
| ၁၉:၁၀ | ၁၃။ | ကြေးမုံရိုပ်သွင်တေးနယဉ် |
| ၁၉:၂၅ | ၁၄။ | (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုပြင်ဆင်လေ့ကျင့်မှု (ပိုက်ကျော်ခြင်း) |
| ၁၉:၃၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာဟူသည်"** (အပိုင်း–၁၃) |

## အင်အားနည်းမြေလျှင်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာစံတော်ချိန် ၂၁ နာရီ ၄၁ မိနစ် ၃၀ စက္ကန့်တွင် မန္တလေးမြေလျှင်စခန်း၏ အရှေ့မြောက်ဘက် ၃၄၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြုလျက် အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**

## အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၂)ရပ်ကွက် မဟာဗောဓိပရိပတ္တိစာသင်တိုက်ကြီး၏ မဟာဗောဓိဝံသသံဃာတော်များ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲဖြစ်မြောက်ရန် အကြိုညှိနှိုင်းပွဲကို နိုဝင်ဘာ ၂၅ ရက်နေ့ ည ၇ နာရီတွင်ပြုလုပ်မည်ဖြစ်၍ ဘုရားတပည့်တော်များ မဟာဗောဓိပရိပတ္တိစာသင်တိုက်သို့ မပျက်မကွက်ကြွရောက်ကြပါရန် ပင့်ဆောင်ထားကြောင်းသိရသည်။ (က-ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

# နတ်မတောင်မှ ဧည့ဝတီသို့

ချစ်နိုင် (စိတ်ပညာ)

ချစ်သမီးမေလေး-

ရွှင်လန်းချမ်းမြေ့ပါစေ...

ရင်ထဲမှာ လှိုင်းခတ်လှုပ်ခါလာလို့ ဒီစာကိုရေးမိတယ်။ တကယ်တော့ ဦးဦးဟာ အနုပညာပါရမီနည်းတဲ့ လူတစ်ဦးပါ။ သာမန်မျှသာ ခံစားနားလည်တတ်တဲ့ လူပြိန်းတစ်ယောက်ပါ။ ကဗျာလဲမဖွဲ့တတ်ဘူး၊ ဂီတလဲ မတီးခတ် မစပ်ဆိုတတ်ဘူး၊ ပန်းချီလဲ မဆွဲတတ်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီအနုပညာတွေကိုတော့ ခံစားပြီး အများနည်းတူလောက် မြတ်နိုးတတ်တယ် ထင်တာပဲ။

ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် ပထမထပ် ခန်းမဆောင်ကြီးထဲမှာ နိုဝင်ဘာလ ၂၀ ရက်မှ ၃၀ ရက်အထိ ပြည်သူလူထုကို အခမဲ့ကြည့်ရှု ခွင့်ပေးထားတဲ့ **'နတ်မတောင်မှ ဧည့ဝတီသို့'** ဆိုတဲ့ ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲကိုတော့သမီးမေလေးတို့လူငယ်တွေ သွားဖြစ်အောင်သွားပြီး ကြည့်ဖြစ်အောင် ကြည့်လိုက်စမ်းပါလို့ တိုက်တွန်းပါရစေကွယ်။

အနုပညာဆိုတာ အံ့သြစရာကောင်းအောင် စွမ်းဆောင်နိုင်တယ်။ မြန်မာပြည်က ပန်းချီဆရာ၊ ဓာတ်ပုံဆရာ၊ ပညာရှင်တွေ ဖန်တီးဆောင်ရွက်ထားတဲ့ ပန်းချီကားကြီးများ၊ ဓာတ်ပုံကားကြီးများကို တစိမ့်စိမ့်ကြည့်လိုက်မိရင် ချင်းပြည်နယ်က သဘာဝရှုခင်းနဲ့ အလှအပတွေ၊ ဖြူစင်ရိုးသားတဲ့ ဒေသခံတိုင်းရင်းသားတွေ၊ နတ်မတောင် (ယခင်-ဝိတိုရိယလို့ ဗြိတိသျှအုပ်စိုးစဉ်အချိန်က ခေါ်ခဲ့ဖူးရဲ့) ပတ်ဝန်းကျင်မှ နှင်းမြူတွေကြားက မြင်ရခဲလှတဲ့ ရှုကွင်းမြင်ကွင်းတွေ၊ ရခိုင်ပြည်နယ်မှ ရှေးကာလနှစ်ပေါင်းများစွာ၏ လက်ရာမြောက်

စိန်မင်းနိုင်၏ ချင်းတောင်ခြေက ရွာ။ (ဓာတ်ပုံ)



လှတဲ့ အနုပညာလက်ရာတွေ စတဲ့ အမြင်အာရုံတွေက သမီးတို့ကို မုချဖမ်းစားဆွဲခေါ် သွားလိမ့်မယ်။

ပြပွဲမှာ ခင်းကျင်းထားတဲ့ ပန်းချီကားတွေဟာ ကြည့်ရင်းကြည့်ရင်းနဲ့ အသက်ဝင်လာလိုက်ပုံများ တကယ်မိမိရှေ့ကိုရောက်နေတဲ့ သဘာဝရေ၊မြေ၊ တောတောင်နဲ့ လူတွေကို ဓာတ်ပုံရိုက်ခါနီး ကြည့်နေရသလိုပါလား။

ပြပွဲမှာ ပြသထားတဲ့ ဓာတ်ပုံတွေက အကြီးကြီးတွေပဲ။ ခေတ်ကာလ နည်းပညာတိုးတက်လာလေတော့ ကင်မရာမှန်ဘီလူး မျက်လုံးထဲက ထွက်ပေါ်လာတဲ့ ဓာတ်ပုံကားချပ်ကြီးတွေဟာ ဧရာမမြင်ကွင်းကျယ်ကြီးတွေဖြစ်လာရတယ်လေ။ နည်းပညာကို အတတ်ပညာရယ်၊ အနုပညာရယ် သုံးလွှမ်းတင် ပေါင်းစပ်လိုက်တော့ ပန်းချီကားများကဲ့သို့ အနုပညာမြောက်လှတဲ့ မြင်ကွင်းတွေ ဖြစ်နေပါလေရော။

အံ့သြစရာ လက်ဖျားခါရလောက်တဲ့ အဲဒီဓာတ်ပုံကားတွေ၊ ပန်းချီကားတွေကို ရိုက်ကူးရေးဆွဲခဲ့သူများကတော့ နိုင်ငံကျော် ပညာရှင်ကြီးတွေ၊ ပါရမီရှင်ကြီးတွေပါ။

၁။ **ပန်းချီမောင်ညိုဝင်း** အသက် ၆၀ ကျော်ပြီး ပန်းချီကား အလွှန်အရေးနည်းတဲ့ ပုဂ္ဂိုလ်၊ ပန်းချီဆရာဦးဘရင်ကလေးရဲ့သား၊ မန္တလေးဇာတိ၊ ထင်ရှားကျော်ကြားတဲ့ လက်ရာရှင်။

၂။ **ပန်းချီဇော်မင်း** ဧရာဝတီတိုင်း မော်ကျွန်းဇာတိ၊ ၁၉၄၉ ခုနှစ်ဖွား၊ ပန်းချီအနုပညာကျောင်းက ၁၉၆၇ ဆင်း။

၃။ **ပန်းချီနဲ့ဓာတ်ပုံ စိန်မျိုးမြင့်** ၁၉၄၈ ခုနှစ်ဖွား၊ စစ်ကိုင်းတိုင်း ဘုတလင်ဇာတိ။

၄။ **ပန်းချီကျော်ရှိန်** ၁၉၅၈ခုနှစ်ဖွား၊ ရန်ကုန်တိုင်း ကော့မှူးဇာတိ၊ ရန်ကုန်ပန်းချီအနုပညာကျောင်းက ၁၉၈၁ ဆင်း။

၅။ **ပန်းချီမင်းဝေအောင်** ၁၉၆၀ ပြည့်နှစ်ဖွား၊ ဧရာဝတီတိုင်း ဓနုဖြူဇာတိ၊ ရန်ကုန်ပန်းချီအနုပညာ



ဇော်မင်း၏ နတ်မတောင်၏ အတက်လမ်း (ပန်းချီ)

ကျောင်းဆင်း၊ ၁၉၈၁-၈၂။ စင်ကာပူ၊ ဂျပန်၊ ဗီယက်နမ်၊ နယ်သာလင်၊ ဟောင်ကောင်၊ အင်္ဂလန် (လန်ဒန်) အမေရိကား စသည်တို့မှာ ၁၉၉၃ မှ ၂၀၀၃ အထိ ပြပွဲများ ပြသအောင်မြင်နေတဲ့သူ။

၆။ **ပန်းချီသိန်းရွှေကြည်** ၁၉၆၂ခုနှစ်ဖွား၊ ဧရာဝတီတိုင်း ပန်းတနော်ဇာတိ၊ ရန်ကုန်ပန်းချီ အနုပညာကျောင်းဆင်း၊ ၁၉၈၁၊ ၁၉၈၃။

၇။ **ဓာတ်ပုံ စိန်မင်းနိုင်** ၁၉၈၀ ပြည့်နှစ်ဖွား၊ပဲခူးတိုင်း သနပ်ပင်ဇာတိ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင်။

လူ့စွမ်းကောင်း ခုနစ်ယောက်လို့ ဖော်ပြရင် မြှောက်ပြောရာမရောက်ပါဘူး။ သူတို့ရဲ့ လက်ရာတွေဟာ ကြည့်လို့မဝအောင် အနုပညာရသမြောက်ကြတာပဲ။ ဖန်တီးနိုင်စွမ်းအား အလွန်တရာမြင့်မားကြတဲ့ အနုပညာရှင်တွေမို့ပါ။ အနုပညာထွန်းကားတာဟာ တိုင်းပြည်ရဲ့စွမ်းအားပဲ။ အနုပညာ အဆင့်မြင့်မားတာဟာ နိုင်ငံရဲ့ ဂုဏ်ဒြပ်လဲ ဖြစ်ပါတယ်။ ၈၆" x ၄၆" အကျယ်ရှိတဲ့ ပန်းချီကားကြီးရဲ့ အနုစိတ်လက်ရာတွေဟာ နိုင်ငံတကာ ပန်းချီဆရာများရဲ့ လက်ရာများနဲ့ အတန်းဝင်လောက်ပါပေတယ်။ ဆရာမောင်ညိုဝင်းရဲ့ လက်ရာကြည့်ရခဲ မြင်ရခဲလှတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။

ပန်းချီမင်းဝေအောင်ရဲ့ ၆၀" x၇၂" ရှိတဲ့ အဘွားနဲ့ သူ့ရဲ့မြေး၊ အဘွားစတဲ့ ပန်းချီကားကြီးများဟာ စကားလုံးပေါင်းတစ်ထောင်တစ်သောင်းကို ဖော်ပြနေကြတယ်။ သမီးကြားလိုက်အောင် နားစိုက်ထောင်ရင်းကြည့်စေလိုပါတယ်။ သူတို့ရဲ့ထိုင်နေပုံနဲ့ မျက်နှာကို သေသေချာချာ ဖတ်ရှုကြည့်ရင် သူတို့ရင်ထဲက စကားတွေ သမီးမေလေးရဲ့ ရင်ထဲကို ရိုက်ခတ်လာကြလိမ့်မယ်။

ဓာတ်ပုံ စိန်မင်းနိုင်ရဲ့ ၂၀"x၃၀" ဓာတ်ပုံတွေကို ကြည့်ရင်းနဲ့ နတ်မတောင်ဆီသွားတဲ့ ခရီးကြမ်းမှာ နှင်းမြူတွေ ဝေနေတဲ့ တောင်စောင်းတောတန်းကို မြင်ရလိမ့်မယ်။ ဆွတ်ပျံ့ကြည်မောဖွယ်။

တိုင်းပြည်ရဲ့ နေရာအနှံ့ကို မြန်မာပန်းချီဆရာတွေ ခရီးခြေဆန့်ပြီး ပန်းချီကားတွေ များစွာများစွာ ဆွဲခဲ့ကြဖူးပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်ကာလကတည်းက ဆရာဦးဘဉာဏ်၊ ဦးအမ်ထွန်းလှစတဲ့ ပုဂ္ဂိုလ်တွေပေါ့ကွယ်။ ဝေးလံခက်ခဲတဲ့ ဒေသတွေအထိ သွားရောက်ပြီး ရေးဆွဲခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်လဲ မြန်မာပန်းချီ ဆရာကြီးတွေဟာ ခရီးဝေး၊ ခရီးရှည်ထွက်ကြပြီး ပုံတွေဆွဲခဲ့ကြတာပါပဲ။ ဆရာကြီးဦးငွေကိုင်၊ ဦးဘရင်ကလေး၊ ရန်ကုန်ဘဆွေ၊ ဦးဘလုံ၊ မောင်ငွေထွန်း စသည် စသည်။

ရှုခင်းတွေ၊ တိုင်းရင်းသားရိုးရာဓလေ့တွေ၊ သဘာဝ နေထိုင်ကြပုံတွေကို မှတ်တမ်းတင်ခဲ့ကြတာ ကျေးဇူးအထူးတင်စရာ ကောင်းတာပေါ့ကွယ်။

၁၉၇၀ပြည့်နှစ်အထိ အဲဒီလို ခက်ခက်ခဲခဲ ခရီးဝေး၊ ခရီးကြမ်းတွေသွားပြီး ပန်းချီဆရာများက ရေးဆွဲမှတ်တမ်းတင်ခဲ့ကြတာ အများကြီးပါ။ ဒီဘက်နှစ်ပေါင်း ၃၀လောက်မှာတော့ သိသိသာသာ နည်းပါးသွားခဲ့ပါတယ်။ ၁၉၉၀ပြည့်လွန်ကာလ ရောက်လာမှ



သိန်းရွှေကြည်၏ ချင်းအဘွားအို။ (အခရိုင်းလစ်)

မြန်မာ့ပန်းချီကားတွေဟာ နိုင်ငံတကာအထိ တန်ဖိုးမြင့်မားစွာ ထိုးဖောက်လာနိုင်တာကြောင့် ဆန်းသစ်တဲ့ရှုကွင်း ရှုကွက်တွေ ရှာဖွေ ရေးဆွဲလာကြပြန်ပါတယ်။

အမိမြန်မာပြည်ရဲ့ တစ်နံတစ်လျားဟာ ကမ္ဘာသူကမ္ဘာသားတွေ မကြားဖူးသေးတဲ့ ကျေးသံ၊ ငှက်သံ၊ မမွှေးမြဖူးသေးတဲ့ တောပန်းတောင်ပန်းရနံ့၊ မမြင်ဖူးသေးတဲ့ တောတောင်ရေမြေ၊ မသိသေး မတွေ့သေးတဲ့ တိုင်းရင်းသားများရဲ့ နေထိုင်သွားလာဝတ်စားဆောင်ရွက်ကြပုံတွေ၊ မကုန်နိုင် မခန်းနိုင်တဲ့ သဘာဝအလှ ရတနာသိုက်ကြီးပေပဲကွယ်။

ယခုပန်းချီနဲ့ ဓာတ်ပုံပညာရှင် ခုနစ်ဦးတို့က ဝိတိုရိယတောင်ထိပ် (ခေါ်) နတ်မတောင်မှ ဧည့ဝတီ ရခိုင်ပြည်နယ်အထိ ခရီးရှည် သွားရောက်ကြည့်ရှု ကွင်းဆင်းလေ့လာပြီး ပန်းချီတွေဆွဲ၊ ဓာတ်ပုံတွေရိုက်ကူးခဲ့ကြတယ်။ ၂၀၀၃ ခုနှစ် နှစ်ဦးပိုင်းကာလဆီကပေါ့။ ယခုတော့ အဲဒီ ဝေးကွာခက်ခဲလှတဲ့ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်က ပန်းချီတွေ၊ ဓာတ်ပုံတွေကို စုစုဝေးဝေး တစ်နေရာတည်းမှာ ကြည့်မြင်ခွင့်ရတာမို့ အခွင့်အရေးပဲ ဆိုရမယ်လေ။

ဒီမြင်ကွင်း၊ ဒီရှုခင်းတွေကို ပန်းချီဆရာ၊ ဓာတ်ပုံဆရာများနဲ့ အတူတကွ

ကျော်ရှိန်၏ အစားအစာ အတွက်။ (အခရိုင်းလစ်)



လိုက်ပါပြီး ဝမ်းသာရင် ဝမ်းသာရပုံ၊ အားတက်ရင် အားတက်ရပုံ၊ စိတ်ပျက်ရင် စိတ်ပျက်မိပုံ၊ ကြည်နူးရင် ကြည်နူးရပုံ အစရှိတဲ့ ခံစားချက်တွေကို အနုပညာမြောက်စွာ လှစ်ဟမျှဝေထားတယ် သမီးရယ်။

အချို့နိုင်ငံများမှာ ဒီလိုပြပွဲမျိုးကြည့်ရဖို့ ပိုက်ဆံငွေကြေးတော်တော်ပေးမှ ဝင်ခွင့်ကြည့်ခွင့်ရတာမျိုး ဖြစ်ပါတယ်။ အလွန်တန်ဖိုးမြင့်လှပါတယ်။ ကြည့်ရဖို့ ခက်ခဲကြသတဲ့လေ။

ငွေကြေးအရင်းအနှီး၊ ပင်ပန်းဆင်းရဲမှုခရီးဒဏ် ခံစားရတဲ့ အရင်းအနှီး၊ အချိန်နဲ့ ဖန်တီးရမှု၊ အရင်းအနှီးများစွာ ပေးဆပ်ပြီး ပြည်သူပရိသတ်ကို အခမဲ့ပြသခင်းကျင်းထားတဲ့ ဒီပြပွဲကြီးဟာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုပဲ သမီးရေ။

လူငယ်တွေဟာ ကိုယ့်ရေ ကိုယ့်မြေကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ရပါတယ်။ အဲဒီ တိုင်းချစ်ပြည်ချစ်စိတ်ဆိုတာ အလိုလို ထိုင်နေရင်းတော့ မထက်သန် မနိုးကြားဘူးဗျ။ ယခုလို အနုပညာမြောက်လှတဲ့ ပန်းချီ၊ ဂီတ၊ စာပေစသည်တို့ကို ထိတွေ့ရပါမှ ရေထိတဲ့ပန်းလို လန်းဆန်းလာကြရပါတယ်။ နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ရင် သမီးတို့ လူငယ်တွေမှာ ကိုယ့်ရေကိုယ့်မြေကို ဂုဏ်ယူတတ်တဲ့ သဘောထား အမြင်ရှိနေမှ ဖြစ်မယ်။ ဒီပြပွဲ ကြည့်ပြီးသူတွေရဲ့ မှတ်တမ်းကိုလဲ ဖတ်ဖြစ်အောင် ဖတ်ကြည့်ခဲ့ပါ။

## နိဗ္ဗာန်ရောက်ကြောင်းတရားချီးမြှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (ဓမ္မကထိကဗဟုဇန ဟိတရေ)ဘဒ္ဒန္တစန္ဒသူရိယအောင်စကြာဆရာတော်သည် နိုဝင်ဘာ ၃၀ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စဉ်လမ်းအောက်လမ်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၄ရက်ညတွင် တောင်ဒဂုံ(၆၄)ရပ်ကွက် မြတ်သစ္စာ ဓမ္မာရုံတွင် လည်းကောင်း နိဗ္ဗာန်လမ်းပြတရားတော်များဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

## မြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

# အမေရိကန်နဲ့ အပေါင်းပါတို့အကြံအစည်ကို အာဆီယံနဲ့ အေပက်လက်မခံ

ကမ္ဘာ့သမိုင်းဇာတ်ခုံပေါ်တွင် အာဆီယံအဖွဲ့ကြီးရယ်လို့ နေရာယူထင်ရှားလာရမှုဟာ အာဆီယံခေါင်းဆောင်များရဲ့ ကြိုးပမ်းအားထုတ်မှု၊ အမြော်အမြင်ကြီးမှုတွေကြောင့် ဖြစ်ပါတယ်။ အာဆီယံရယ်လို့ စတင်ထူထောင်ချိန်က ဆိုရင် အာရှဒေသမှာ ခေတ်မီဖွံ့ဖြိုးရေးအယူအဆနှစ်ရပ် အကြီးအကျယ်အားပြိုင်လွန်ဆွဲ နေခဲ့ပါတယ်။ အယူအဆတစ်ရပ်ကတော့ ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ရပ်တွင် အနုနည်းနဲ့ရော အကြမ်းနည်းနဲ့ပါ ဆိုရှယ်လစ်စနစ်လက်ငင်းချက်ချင်း ထူထောင်သွားရေး ဖြစ်ပါတယ်။ ဒါကြောင့် ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီနိုင်ငံတွေဟာ စက်မှုအရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးက တစ်ဆင့်သာဆိုရှယ်လစ်စနစ် ထူထောင် နိုင်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဖောက်ဖျူးကျင့်သုံးတဲ့အတွက် အောင်မြင်မှုမရခဲ့တာ ဖြစ်ပါတယ်။

ဒုတိယ အယူအဆတစ်ရပ်ကျတော့ အာဆီယံခေါင်းဆောင်များ ကျင့်သုံးလာခဲ့တဲ့ မိမိတို့လူ့အဖွဲ့အစည်းရောက်ရှိနေတဲ့ လူမှုဘဝပတ်ဝန်းကျင်နဲ့အညီ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တဖြည်းဖြည်း ကျင့်သုံးအကောင်အထည်ဖော်ရေးလမ်း ဖြစ်ပါတယ်။ ဒီကနေ့ စစ်အေးတိုက်ပွဲလွန်ကာလမှာတော့ တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးသို့ ဦးတည်ပြောင်းလဲလာကြပါတယ်။ ဒီအချိန်မှာ အာဆီယံခေါင်းဆောင်များရဲ့ နိုင်ငံထူထောင်ရေး အယူအဆဟာ လူ့သမိုင်း ဖြစ်ပေါ်တိုးတက်ရေးတရားနဲ့ ကိုက်ညီမှန်ကန်တယ်၊ အံ့ဝင်ခွင်ကျဖြစ်တယ် ဆိုတာကို မျက်ဝါးထင်ထင်တွေ့မြင်လာရပြီ ဖြစ်ပါတယ်။ တစ်ချိန်က အာဆီယံနိုင်ငံများအပေါ် ဆန့်ကျင်ခဲ့တဲ့ နိုင်ငံအချို့သည်ပင်လျှင် ဒီကနေ့ အာဆီယံနိုင်ငံများရဲ့ ဖွံ့ဖြိုးရေးအတွေ့အကြုံတွေကို လေ့လာဆည်းပူးလာရပြီ ဖြစ်ပါတယ်။ အာဆီယံခေါင်းဆောင်များဟာ မိမိတို့နိုင်ငံတွေရဲ့ ကာလဒေသ လူမှုဘဝပတ်ဝန်းကျင်နဲ့ လျော်ညီတဲ့ စီးပွားရေး၊ နိုင်ငံရေးလမ်းစဉ်တွေကို အောင်မြင်စွာ ချခင်းနိုင်ခဲ့လို့ ဖြစ်ပါတယ်။

အထူးသဖြင့် အာဆီယံနိုင်ငံများဟာ လွတ်လပ်ရေးရလာချိန်တွင် အခြားသော အာရှနိုင်ငံများလိုပဲ ပြည်ပက ရေကြည်ရာ၊ မြက်နုရာ ပြောင်းရွှေ့အခြေစိုက်လာတဲ့ နိုင်ငံခြားသားအနွယ်ဝင်များက နိုင်ငံရဲ့စီးပွားရေးကို ခြယ်လှယ်ကြီးစိုးနိုင်ခဲ့ကြပြီး တိုင်းရင်းသားအများစုကတော့ မိရိုးဖလာအသေးစား စိုက်ပျိုးရေးအဆင့်မှာပဲ ကျန်ရစ်နေမှုအခြေအနေကို ကြုံခဲ့ရပါတယ်။ အဲဒီလို စီးပွားရေးကွာဟချက်ကြောင့် အာဆီယံနိုင်ငံ အများစုလောက်မှာ လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းတွေ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒီအကျပ်အတည်းကို ဖြေရှင်းလွန်မြောက်ရာတွင် အာဆီယံခေါင်းဆောင်များဟာ ဆိုရှယ်လစ်စနစ် လက်ငင်းချက်ချင်း ခုန်ပျံတည်ဆောက်တဲ့ နိုင်ငံများလို စီးပွားရေးလုပ်ငန်းကြီးတွေကို ပြည်သူပိုင်သိမ်းပြီး လက်ရည်တစ်ပြင်တည်း ဘုံလုပ်ငန်းတွေ မထူထောင်ခဲ့ပါ။ သူတို့ဟာ အဲဒီနိုင်ငံခြားသားအနွယ်များရဲ့ စီးပွားရေးအင်အားနဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေကို ဆက်လက်အားပေးပြီး တစ်ဖက်တွင် တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ လူလတ်တန်းစားတွေ၊ ကျေးလက်နေလူထုတွေကို ခေတ်မီစီးပွားရေးနယ်အတွင်း ဝင်ဆံ့လာစေဖို့ အဲဒီနိုင်ငံခြားသား အနွယ်များရဲ့ ပံ့ပိုးမှုကို နိုင်ငံတော်က စီမံချက်ချပေးခဲ့တယ်။ ဒီလိုနဲ့ပဲ ကမ္ဘာ့အဆင့်မီတိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ ခေတ်မီတတ်သိပညာရှင် လူတန်းစားတွေ၊ ခေတ်မီ စက်မှုလက်မှု အလုပ်သမားတွေ ပေါ်ပေါက်လာခဲ့တယ်။

အခုလို ပြောင်းလဲတိုးတက်လာတဲ့ အကြောင်းတရားရဲ့ အကျိုးဆက်အဖြစ် အာဆီယံနိုင်ငံများတွင် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေ လျော့နည်းကျဆင်းသွားခဲ့ပါတယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာတဲ့အတွက် ဒီမိုကရေစီကျင့်စဉ်ဟာလဲ ရှင်သန်ထွန်းကားလာခဲ့တယ်။ အာဆီယံခေါင်းဆောင်တွေဟာ အဲဒီလို နိုင်ငံထူထောင်ရေး ကိုယ်ပိုင်အတွေ့အကြုံတွေ ရင့်ကျက်ကြွယ်ဝလာပြီးဖြစ်တဲ့အလျောက် အနောက်အုပ်စုက အရှေ့ဥရောပနိုင်ငံများအပေါ် နိုင်ငံထူထောင်ရေး အကြံဉာဏ်ပေးခဲ့တာမျိုးကို ရှောင်ရှားနိုင်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာတဲ့ မြန်မာနိုင်ငံကို အပြုသဘောမူဝါဒများ ချမှတ်ကျင့်သုံးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်နဲ့ အနောက်နိုင်ငံများရဲ့ ဝေဖန်တားဆီးပိတ်ပင်မှုလှိုင်းတံပိုးတွေကြားမှာ ကြံ့ကြံ့ခံရပ်တည်နိုင်အောင်လဲ အာဆီယံနိုင်ငံတွေက ထောက်ကူခဲ့ကြပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်လဲ လက်တွဲခေါ်ဆောင်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဆီယံနိုင်ငံများ ကိုယ်တိုင်လဲ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဝေဖန်ချက်တွေကို ရင်ဆိုင်နေရလို့ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ အာဆီယံဟာ ၁၀နိုင်ငံဖြစ်လာပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံသစ်များဟာ မူလအာဆီယံနိုင်ငံများလိုပဲ နှရာမှ ရင့်ရာသို့ တက်လှမ်းဆဲဖြစ်ပါတယ်။ အခုလို နိုင်ငံထူထောင်ရေး နုနယ်စဉ်ကာလမျိုးမှာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးပြဿနာတွေ ကြုံတွေ့ရလေ့ရှိတယ်ဆိုတဲ့ ဓမ္မတာတရားအပေါ် သဘောပေါက်နားလည်စွာ လက်တွဲ ကြိုးပမ်းနေတာဖြစ်တယ်။ ဒါဟာ အာဆီယံနိုင်ငံအချင်းချင်းရဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်လဲဖြစ်ပါတယ်။

တစ်ဖက်တွင်လဲ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေဟာ အာဆီယံနိုင်ငံများအပေါ် နည်းမျိုးစုံနဲ့ ဩဇာခံလုပ်ဖို့၊ သွေးခွဲစည်းရုံးဖို့၊ သူတို့အနောက်ဥရောပဒီမိုကရေစီစံတွေကို ပုံတူကူးကျင့်သုံးဖို့ ကြိုးပမ်းဆဲဖြစ်ပါတယ်။ ဒီအပေါ် အာဆီယံခေါင်းဆောင်တစ်ဦးဖြစ်ခဲ့တဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ၁၇-၅-၉၄ရက်နေ့ထုတ် အင်တာနေရှင်နယ် ဟာရယ်ထရီဗျူန်း သတင်းစာတွင် **အရှေ့အာရှဒီမိုကရေစီ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တည်ဆောက်သွားလိမ့်မယ်**ဆိုတဲ့ ခေါင်းစဉ်နဲ့ အတိုင်းတိုင်းအပြည်ပြည်က အတွေ့အကြုံတွေ၊ အကြံဉာဏ်တွေကိုရယူခြင်း၊ လေ့လာသုံးသပ်ခြင်းတွေဟာ လိုလဲလိုအပ်၊ အကျိုးလဲဖြစ်ထွန်းစေပါတယ်။ ဒါပေမယ့် မည်သည့် သုခမိန်ရဲ့ အကြံဉာဏ်ပင်ဖြစ်ပါစေ၊ မည်မျှရိုးသားဖြူစင်စွာ ပြောဆိုမှုပင်ဖြစ်ပါစေ ပကတိရုပ်ဘဝ အခြေအနေများနဲ့ လျော်ညီဖို့တော့ လိုပါတယ်...လို့ ရေးသားခဲ့ပါတယ်။

အာဆီယံ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူကလဲ ၁၄-၆-၉၃ ရက် တိုင်းမဂ္ဂဇင်းနဲ့ ဆွေးနွေးခန်းတစ်ခုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဒီမိုကရေစီပြုပြင်ရေးတွေလုပ်ရာမှာ အဓိကပြဿနာ ဘာတွေလဲဆိုတဲ့ မေးခွန်းကို မစ္စတာလီက ဗြိတိန်၊ အမေရိကန်တို့လို ဒီမိုကရေစီအရင့်အမာကြီးတွေဟာလဲ လူတိုင်းမဲပေးခွင့်နဲ့ စခဲ့တာမဟုတ်ပါ။ ပထမအခြေခံပစ္စည်းပိုင်ဆိုင်သူတွေ နောက်ပိုင်းမှာ ပညာအရည်အချင်းတွေနဲ့ မဲပေးခွင့်ရခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့ နိုင်ငံမှာ အသိပညာရော ဥစ္စာဓနပါ ပြည့်စုံလာမှသာ မဲပေးခွင့်ဟာ အောက်ခြေ အလုပ်သမားအထိ ရောက်လာတယ်လို့ ဖြေခဲ့တယ်။ လူ့အခွင့်အရေးပေါ်မှာကော...လို့မေးတဲ့အခါ မစ္စတာလီက အာရှမှာ ချမ်းသာကြွယ်ဝချိန်ဖြစ်စေ၊ ဒုက္ခရောက်ချိန်ဖြစ်စေ ပုဂ္ဂလိကအခန်းဟာ လူ့အဖွဲ့အစည်းထက်ပိုလွန် တန်ဖိုးမရှိခဲ့ပါ။ လူ့အဖွဲ့အစည်းဟာ ပုဂ္ဂလိကထက်ပိုတန်ဖိုးရှိခဲ့တာချည်းပါပဲ။ ဒီအချက်ဟာ အာရှကို ဒုက္ခဆင်းရဲမှုကြီးက ကယ်တင်ခဲ့တယ်...လို့ ဖြေခဲ့ပါတယ်။

ဒါတွေဟာ အာဆီယံခေါင်းဆောင်များ အစဉ်တစိုက်ရပ်တည်လာခဲ့တဲ့ သဘောထားအမြင်များဖြစ်ပါတယ်။ မကြာသေးခင် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပခြင်းဟာ ၁၉၈၆ ခုနှစ်နောက်ပိုင်း နဝမအကြိမ်သို့ ရောက်ရှိလာပြီးဖြစ်ပါတယ်။ အာဆီယံခေါင်းဆောင်များဟာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များနဲ့လဲ ဆွေးနွေးခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်နောက်ပိုင်း အာဆီယံ+၃ ထိပ်သီးဆွေးနွေးပွဲကျင်းပခြင်းဟာလဲ သတ္တမအကြိမ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ အာဆီယံထိပ်သီး ဆွေးနွေးပွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပါအဝင် နိုင်ငံအားလုံးက အလေးထားတဲ့ ပြဿနာရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ အာဆီယံအသိုက်အဝန်းတစ်ရပ် ထူထောင်ရေးအတွက် ကတိကဝတ်ပြုကြပါတယ်။ အာဆီယံအသိုက်အဝန်းတွင် လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေး အသိုက်အဝန်းနဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှု အသိုက်အဝန်းဆိုပြီး မဏ္ဍိုင်ကြီးသုံးရပ်ပါဝင်ကာ အာဆီယံ သဘောတူညီချက် အမှတ်(၂) (ဘာလီသဘောတူညီချက်အမှတ်-၂) ကြေညာချက်တွင် ဒီအချက်တွေကို ဖော်ပြထားပါတယ်။ အာဆီယံ+၃ ထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများနဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့ ဆက်ဆံရေးနဲ့ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြုခဲ့ကြပါတယ်။ အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် ဘာလီသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အတွက် အာဆီယံရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို မှတ်တိုင်စိုက်ထူနိုင်ခဲ့တယ်။ အထူးသဖြင့် အရှေ့တောင်အာရှချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ ပါဝင်လက်မှတ် ရေးထိုးနိုင်မှုအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ခဲ့ပါတယ်။ ၂၀၂၀ပြည့်နှစ် အာဆီယံမျှော်မှန်းချက် ဟနွိုင်း ရှေ့လုပ်ငန်းအစီအစဉ်၊ ၁၉၉၉-၂၀၀၄ အာဆီယံပေါင်းစည်းရေးဆိုင်ရာ ရှေ့လုပ်ငန်းအစီအစဉ်နဲ့ အာဆီယံ ပေါင်းစည်းရေးဆိုင်ရာ လမ်းပြမြေပုံတို့ရဲ့ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားဖို့ ကတိပြုခဲ့ကြတယ်။ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ဟာ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်ဆံရာတွင် ထိရောက်မှုရှိတဲ့ နီတိကျင့်ဝတ်အဖြစ် ရှုမြင်ကြပါတယ်။ အာဆီယံ ဘုံဈေးတစ်ရပ်ပေါ်ထွန်းလာဖို့ ရည်မျှော်ပြီး အာဆီယံ+၃ လုပ်ငန်းစဉ်များမှတစ်ဆင့် အာဆီယံနိုင်ငံများရဲ့ စီးပွားရေးကို ကမ္ဘာ့စီးပွားရေးနဲ့ ချိတ်ဆက်နိုင်စေရန် ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။

အာဆီယံ လုံခြုံရေးမိသားစုဖွဲ့စည်းရန် မျှော်မှန်းချက်အရ အာဆီယံနိုင်ငံများရဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတို့ တိုးမြှင့် ပြုလုပ်သွားရန်ဖြစ်တယ်။ ဒေသအတွင်း နိုင်ငံများအချင်းချင်း သဘောကွဲမှုဖြေရှင်းရာတွင် ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် သဘောတူခဲ့ကြတယ်။ ဒေသဆိုင်ရာအလိုက်ဖြစ်ပွားတဲ့ အကြမ်းဖက်မှုများနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြတယ်။ အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် စီးပွားရေးအရ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ပြီး ရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေးအတွက် ကြိုးပမ်းကာ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရန် လုပ်ဆောင်သင့်ပုံကို သဘောတူညီကြတယ်။ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာနိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေးပြဿနာများကို ဆွေးနွေးဖြေရှင်းနိုင်ရန် အာဆီယံနိုင်ငံများဟာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား သမ္မတနိုင်ငံတို့နဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် သဘောတူကြပါတယ်။ ဒီအစည်းအဝေးတွင် အာဆီယံကို ကြိုးပမ်းထူထောင်လာခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး မကြာခင်ကမှ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ်က အနားယူသွားတဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်ရဲ့ နှုတ်ခွန်းဆက်စကားနိဂုံးပိုင်းမှာ အခုလိုပြောကြားသွားခဲ့ပါတယ်-

"နိဂုံးချုပ်အနေဖြင့် မိမိပြောကြားလိုသည်မှာ မိမိတို့ လိုက်နာကျင့်သုံးခဲ့ကြသောအခြေခံမူများအား ဆက်လက်လေးစားရန် လိုအပ်တယ်။ အဖွဲ့ဝင်နိုင်ငံများရဲ့ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ တစ်စိတ်တစ်ဝမ်းတည်းဆုံးဖြတ်ချက်များ ချမှတ်ရေး၊ ဒေသအပေါ် ဖိစီးသော ဒဏ်ရာဒဏ်ချက်များ ရှိသော်လဲ တစ်နိုင်ငံချင်းအလိုက်မှ ဒေသအလိုက် ပြန်လည်နာလန် ထူရေးအတွက် ကြိုးပမ်းရေး၊ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးစားရေး၊ အငြင်းပွားမှုများအားဖြေရှင်းရာတွင် အင်အားသုံးစွဲခြင်း သို့မဟုတ် အင်အားသုံးစွဲရန် ခြိမ်းခြောက်ခြင်းတို့ကို ရှုတ်ချခြင်းစတဲ့ အခြေခံမူများကို မိမိတို့ အာဆီယံနိုင်ငံများက အစဉ်အမြဲစွဲကိုင်သွားကြရမယ် ဖြစ်တယ်"

အာဆီယံနိုင်ငံများဟာ ဒီမူတွေ၊ ကျင့်ဝတ်တွေကို အခြေခံပြီး ကမ္ဘာ့အလယ်မှာ စည်းလုံးညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ နိုင်ငံတကာက လေးစားစံထားလာရတဲ့ ဒေသတစ်ခုအဖြစ်လဲ ထင်ရှားလာခဲ့ပါတယ်။ ဒီအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု ဗိုလ်ကျစိုးမိုးရေးဝါဒီအပေါင်းပါတွေဟာ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံကို အနောက်ဒီမိုကရေစီစံကို ပုံတူကူးကျင့်သုံးလာရေးအတွက် တင်းကျပ်စွာ ပိတ်ဆို့အရေးယူရုံမက အာဆီယံနိုင်ငံတွေကိုပါ မြန်မာပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ဖိအားပေးဖို့ အကျပ်ကိုင်လာပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံများက လက်မခံဘဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတိုးတက်လာမှုအပေါ် တညီတညွတ်တည်း ကြိုဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ ပိတ်ဆို့အရေးယူမှုကိုလဲ ဆန့်ကျင်ခဲ့ကြပါတယ်။

အလားတူမှာပင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေဟာ ထိုင်းနိုင်ငံမှာကျင်းပပြီးစီးသွားတဲ့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးအစည်းအဝေးမှာလဲ ကြိုးပမ်း ခဲ့ပါသေးတယ်။ ဒါပေမယ့် အစည်းအဝေးအစီအစဉ်မှာပင် မြန်မာအရေးကို ထည့်သွင်းခွင့်မရခဲ့ပါဘူး။ ဒါကြောင့် အမေရိကန်နဲ့အပေါင်းပါတို့ အကြံအစည်ကို အာဆီယံနဲ့ အေပက် လက်မခံဘူးဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

**အောင်မိုးစံ**



## ရွှေမျက်လုံးဂျာနယ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကိုရီးယားကဒါရိုက်တာရင်အတွက် မြန်မာပြည်က စံ-ဇာဏီဘိုရဲ့ ဟောကိန်း လက်ဆောင်၊ ဒါရိုက်တာ ရင်နဲ့ သတင်းထွက်နေတဲ့ နာမည်ကြီး မင်းသမီးတရားစွဲခံရတဲ့ ဟန်ထယ်ဆောက်တို့ သတင်းများအပါအဝင် ပြည်တွင်းပြည်ပသတင်း၊ သုတ၊ ရသ၊ ဖက်ရှင်များအကြောင်း စုံလင်စွာဖြင့် ရွှေမျက်လုံးဂျာနယ်ကို ဖြန့်ချိထားသည်။

**(ဝဲပုံ) (က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၅-၁၁-၂၀၀၃(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ပထဝီဝင်) (ခ)ပထမနှစ်(ဥပဒေပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၆:၃၅ ၁၄။ မိုးလေဝသသတင်း
၆:၄၀ ၁၅။ မြန်မာ့ရှုခင်း
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၁၈)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"**(အပိုင်း-၂၈)

# အားနည်းသူတို့ကို ပေးမကူညီနေသည့် မွန်မြတ်သည့် လူမှုဝန်ထမ်းလုပ်ငန်းများ



ကြက်ခြေနီလူငယ်များသည် လူမှုရေးကူညီစောင့်ရှောက်မှု လုပ်ငန်းများတွင် အဓိကစွမ်းဆောင်ပေးသူများဖြစ်သည်။



ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို မီးဘေးမှကာကွယ်ပေးသည့် မီးငြိမ်းသတ်ရေးလုပ်ငန်းသည် မွန်မြတ်သည့် လူမှုဝန်ထမ်းလုပ်ငန်းပင်ဖြစ်သည်။

## ချို့တဲ့သူတို့ဘဝပိုမိုလှပ

ကိုယ်အင်္ဂါချို့တဲ့သူများ၏ ဘဝ မြင့်မားစေရေးအတွက် လေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြင့် ချို့တဲ့သူတို့၏ဘဝကို ပိုမိုလှပစေခဲ့သည်။



မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်) သုံးထပ်ကျောင်းဆောင်သစ်ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး မျက်စိအလင်းကွယ်သောသူများအတွက် ဘဝအလင်းရောင်ပေးခဲ့သည်။

**အများအကျိုးကိုဆောင်တတ်သော လူမှုဝန်ထမ်းလုပ်ငန်းသည် ပျိုမျစ်နုနယ်သော ကလေးငယ်များ၊ ခိုကိုးရာမဲ့ ကလေးများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မူးယစ်သားကောင်ဘဝမှ လွတ်မြောက်လာသူများ၊ ဒုက္ခိတများကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာ တည်းဟူသော "နာငါးနာ"ဖြင့် ပြုစုစောင့်ရှောက် ပေးလျက်ရှိသော "လူထုရင်ခွင်"၊ "စေတနာပျိုးခင်း"ဖြစ်သည်။ ထို့ပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသော "အုတ်တစ်ချပ်၊ သဲတစ်ပွင့်" လည်း ဖြစ်ပေသည်။ (မြန်မာ့အလင်း)**



ကလေးပြုစုရေးဌာနများတွင် ကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည်ကို ဤသို့တွေ့ရသည်။





အမျိုးသမီးငယ်များ၏ဘဝ သာယာလှပစေရေးအတွက် အိမ်တွင်းမှုအတတ်သင်တန်းကျောင်းများ ဖွင့်လှစ်၍ ဤသို့ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

# ပညာရေးအခြေခံကောင်းသည့် တာခွ တွဲဖက်အထက်တန်းကျောင်း

ရန်ကုန် နိုဝင်ဘာ ၂၄

တာခွရွာသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်မှ ရွာငယ်ကလေးတစ်ရွာမျှသာ ဖြစ်သည်။ ထိုရွာကလေးကို မြန်မာပြည်အနှံ့အပြားက သိရှိရန်မဆို ထားနှင့် ဧရာဝတီတိုင်းကပင် သိရှိရန် ခဲယဉ်းလှသည်။ မိမိ၏ ဟင်္သာတခရိုင်အတွင်းမှာပင် လူ ၁၀ ယောက်မှ တစ်ယောက်သိရန် မလွယ်ကူလှ။ တာခွသည် ထိုသို့ လူသိနည်းသော ရွာကလေး ဖြစ်သည်။

ထိုသို့ မထင်မရှား လူသိနည်းလှသော ရွာကလေးမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ထူးချွန်ကျောင်းသားစာရင်း၌ပါဝင်အောင် မွေးထုတ်ပေးနိုင်ခဲ့သည် ဆိုလျှင် အံ့ဩကောင်း အံ့ဩနေကြပေလိမ့်မည်။

တကယ်တော့ အံ့ဩမည်ဆိုလျှင်လည်း အံ့ဩစရာ။ ထိုရွာကလေးသည် မြို့ပြပညာရေးလောကနှင့် အလှမ်းဝေးလှသည်။ မည်သည့်ကျူရှင်မျှ မရှိ။ မည်သည့်ပညာရေးအထောက်အကူမျှမရှိ။ စာသင်ကျောင်းကလည်း တွဲဖက်အထက်တန်းကျောင်းအဆင့်သာဖြစ်သည်။ ထိုအခြေအနေမျိုးမှ ထူးချွန်ကျောင်းသားများ မွေးထုတ်နိုင်ခဲ့ခြင်းသည် အံ့ဩစရာဖြစ်သည့်နည်းတူ ချီးကျူးစရာလည်း ဖြစ်သည်။

တာခွရွာ၏ အခြေခံပညာ အလယ်တန်းကျောင်းကို ၁၉၇၀ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် ကျောင်းအဆောက်အအုံကို ကိုယ့်အားကိုယ်ကိုး၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရပ်ရွာလူထု အနေနှင့်လည်း မိမိရပ်ရွာ၊ မိမိဒေသ ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အထူးလိုလားကြပြီး မိမိဒေသမှ ကျောင်းသားလူငယ်လေးများ ခေတ်မီပညာရပ်များ လေ့လာသင်ယူနိုင်ရန် ပြင်းပြသောဆန္ဒဖြင့် ပါဝင်ကူညီကြိုးပမ်း ရွက်ဆောင်ကြခြင်းဖြစ်သည်။

တာခွအလယ်တန်းကျောင်းသို့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော တဲကြီးကုန်း၊ ဆယ်ရွာ၊ ကွမ်းတော၊ ဆင်သေ၊ သက္ကယ်ကုန်း၊ဆန်နီချောင်စသော ကျေးရွာများမှကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားကြသည်။

ရပ်ရွာ၏ ပံ့ပိုးကူညီမှု၊ ဆရာ ဆရာမများ၏ ဂရုတစိုက်ပညာသင်ကြားပေးမှုများကြောင့် တာခွအလယ်တန်းကျောင်းသည် ၁၉၈၆ခုနှစ်တွင် (အဋ္ဌမတန်း အစိုးရစစ်) စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး မြို့နယ် ပထမဆုကို ရရှိခဲ့သည်။ ၁၉၈၈ခုနှစ်တွင် အလယ်တန်းစာမေးပွဲ အောင်ချက်အကောင်းဆုံး (ဧရာဝတီတိုင်းအဆင့်) ပထမဆုကို ရရှိခဲ့သည်။ တာခွအလယ်တန်းကျောင်းအနေဖြင့် နှစ်စဉ် နှစ်တိုင်း ဤကဲ့သို့ပင် ရာနှုန်းပြည့် အောင်ချက်

**ဟင်္သာတခရိုင်နှင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်သော တာခွကျေးရွာ တွဲဖက်အထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။**



ကောင်းကောင်းဖြင့် ဧရာဝတီတိုင်း၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီး အရည်အချင်းပြည့်အလယ်တန်းကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ဤနေရာတွင် အခက်အခဲတစ်ခု ဖြစ်လာသည်။ အလယ်တန်းအဆင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် တက်လှမ်းနိုင်ရန်အတွက် မြန်အောင် အထကသို့ လည်းကောင်း၊ အင်ပင်အထကသို့ လည်းကောင်း၊ ထူးကြီး အထကသို့ လည်းကောင်း သွားရောက်ပညာသင်ယူကြရ သည်။ သွားရောက်ပညာသင်ယူရသော နေရာများသည်လည်း ခရီးဝေးကွာလှသဖြင့် ခရီးသွားလာမှုခက်ခဲခြင်း၊ ငယ်ရွယ်သူများအဖို့ ထိုဒေသများသို့ သွားရောက်နေထိုင် ပညာသင်ယူရန် အခက်အခဲရှိခြင်း စသည့် စသည့် အခက်အခဲများကြောင့် အလယ်တန်းဆင့် အောင်မြင်ပြီးသူတိုင်း အထက်တန်းသို့ တက်လှမ်းရန် ခက်ခဲလှသည်။

သို့အတွက်ကြောင့် အထက်တန်းပညာ လေ့လာ

## သတင်းဆောင်းပါး

## အထက်မင်းလှ ညွန့်အောင်

သင်ယူနိုင်သူ နည်းပါးခဲ့ပြီး အောင်ချက်မှာလည်း အတော်ကျဆင်းလာခဲ့သည်။ ဤအခြေအနေကို ခံစားမိသော ရပ်ရွာလူထုအနေနှင့် မိမိတို့ရင်သွေးငယ်များအတွက် စိတ်မကောင်းဖြစ်မိကြကာ အထက်တန်းပညာသင်ယူနိုင်ရေးအတွက် အထူးအာရုံစူးစိုက် လိုလားတောင့်တလျက်ရှိကြသည်။

ပညာရေးသည် နိုင်ငံတော်အတွက် အလွန်တရာ အရေးကြီးသည်။ နိုင်ငံတော် တည်ဆောက်ရေးတွင် ပညာတတ် လူချွန်လူမွန်များ များစွာလိုအပ်သည်။ မျိုးဆက်သစ် လူငယ်များသည် နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်သည်။ သို့အတွက် လူငယ်များ ခေတ်မီပညာရပ်များ သင်ကြားနိုင်ရေးမှာ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်။

သို့ဖြစ်ရာ တာခွကျေးရွာ ရပ်မိရပ်ဖများအနေဖြင့် မိမိတို့၏ရပ်ရွာမှ ပညာတစ်ပိုင်းတစ်စဖြစ်နေသော လူငယ်များအတွက် အထက်တန်းကျောင်း ရရှိရေးကို ဦးစားပေးကြိုးပမ်း ဆောင်ရွက်ခဲ့သည်။

ထိုကြိုးပမ်းချက်ကြောင့်ဟု ဆိုရမည်။

ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ကူညီမှုဖြင့် ၁၉၉၇ခုနှစ်တွင် တာခွအခြေခံပညာ တွဲဖက်အထက်တန်းကျောင်းကြီးကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

တာခွအခြေခံပညာ တွဲဖက်အထက်တန်းကျောင်း စတင်ဖွင့်လှစ်သည့် ၁၉၉၇-၉၈ ပညာသင်နှစ်အတွင်း ဒသမတန်း၌ ကျောင်းသားကျောင်းသူ ၂၆ ဦး၊ နဝမတန်းတွင် ၅၈ဦးရှိခဲ့ပြီး တဖြည်းဖြည်း ကျောင်းသားဦးရေ တိုးတက်များပြားလာခဲ့ရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် နဝမတန်း၌ ၁၄၆ဦး၊ ဒသမတန်း၌ ၁၅၅ဦး ပညာသင်ကြားလျက်ရှိသည်။

ဤကဲ့သို့ ကျောင်းသား ကျောင်းသူများ မိမိနေရပ်တွင် ရင်အုပ်မကွာ ပညာသင်ကြားနိုင်ရေးအတွက် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ဖွင့်လှစ်နိုင်အောင် ကူညီပံ့ပိုးပေးခဲ့သော ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးဇူးကား ကြီးမားလှပေသည်။

တာခွ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း အတွက် ဆရာ ဆရာမ လေးဦးကို ပြင်ပမှ ငှားရမ်းသင်ကြားစေခဲ့ရသည်။ အဆိုပါ ဆရာဆရာမ လေးဦး အတွက် လစာငွေများကို ၁၉၉၇-၉၈ ပညာသင်နှစ်မှ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်အထိ သုံးနှစ်တိုင်တိုင် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ထောက်ပံ့ခဲ့သည်။

၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ ယနေ့တိုင် ဆရာ ဆရာမများ၏ လစာငွေကို မိဘပြည်သူများ၏ ထည့်ဝင်ငွေနှင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ထောက်ပံ့ငွေများဖြင့် ကျခံသုံးစွဲခဲ့သည်။

ရပ်ရွာအနေဖြင့် ဤကဲ့သို့ နယ်မြေဒေသ ပညာရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့် နည်းတူ ဆရာ ဆရာမများအနေနှင့်လည်း ပညာရေးမူဝါဒနှင့် အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အောင်ချက်မြင့်မားကောင်းမွန်ရေးတို့ကို စေတနာအပြည့်အဝဖြင့် ကူညီဆောင်ရွက်ခဲ့သည်။ ဤသို့ ဆောင်ရွက်ရာတွင် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ဒေသအာဏာပိုင်အဖွဲ့ အစည်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း တို့နှင့် ပူးပေါင်း၍ လိုအပ်သောစီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဒသမတန်းအောင်ချက် မြင့်မားရေးဆောင်ရွက်ရာတွင်- ဇွန်လမှ အောက်တိုဘာလအထိ ဘာသာပြ ဆရာ ဆရာမများက အချိန်ပိုခေါ်ယူသင်ကြားပေးခြင်း၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ နေ့စခန်းသွင်းခြင်း၊ (နံနက် ၇နာရီမှ ၁၂နာရီထိ ကျောင်းပုံမှန်တက်၍ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီထိ ဆရာဆရာမ တစ်ဦးလျှင် ကျောင်းသား ၁၀ ဦးစီ တာဝန်ယူ၍ စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်း ယင်း

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌ မြန်မာတစ်နိုင်ငံလုံး အဆင့် (၈)ရရှိသည့် မြန်အောင်မြို့နယ် တာခွကျေးရွာ တွဲဖက် အထက်တန်းကျောင်းမှ မောင်အောင်မျိုးထွန်းအား ဆုချီးမြှင့်ပြီး နှုတ်ဆက်စဉ်။**

(ယင်း ကျောင်းသည် ၂၀၀၁ ခုနှစ်တွင် ဟင်္သာတခရိုင် အောင်ချက် အကောင်းဆုံး ဒုတိယဆု၊ ၂၀၀၂ ခုနှစ် တွင်လည်း ဟင်္သာတခရိုင် အောင်ချက် အကောင်းဆုံး ဒုတိယဆုနှင့်မြန်အောင်မြို့နယ် အောင်ချက်အကောင်းဆုံး ပထမဆု၊ ၂၀၀၃ ခုနှစ်တွင် မြန်အောင် မြို့နယ် အောင်ချက်အကောင်းဆုံး ပထမဆု တို့ကို ရရှိခဲ့သည်။)



တာဝန်ကို မူလတန်းမှ အထက်တန်းအထိ ဆရာ ဆရာမများအားလုံး တာဝန်ယူဆောင်ရွက်ပေးသည်။ ဇန်နဝါရီလမှစ၍ စာမေးပွဲပြီးသည်အထိ ညစခန်းသွင်းလေ့ကျင့်ပေးခြင်း၊ အခန်းဆုံးစစ်ဆေးမှုများ၊ တစ်နာရီမေးခွန်းတိုများ၊ လစဉ်စစ်ဆေးမှုပြုလုပ်ခြင်း၊ သုံးနာရီမေးခွန်း သုံးကြိမ်မေးမြန်း စစ်ဆေးမှုပြုလုပ်ခြင်း စသည်များကို အပင်ပန်းခံကာ ကြိုးပမ်းလေ့ကျင့်ပေးခဲ့သည်။

ဆရာ ဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးမှုကြောင့် တွဲဖက်အဆင့်သာရှိသော တာခွ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသည် ဧရာဝတီတိုင်းတွင် မြင့်မြင့်မားမား ဂုဏ်ယူနိုင်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားများ မွေးထုတ်ပေးနိုင်ခဲ့သည်။

ဤကျောင်းမှ မောင်အောင်မျိုးထွန်းသည် ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌ မြန်မာတစ်နိုင်ငံလုံး အတော်ဆုံး၁၀ဦးတွင် အဆင့်(၈) ရရှိခဲ့သည်။

အောင်ချက်အကောင်းဆုံးအဖြစ် ၂၀၀၁ ခုနှစ်တွင် ဟင်္သာတခရိုင် အောင်ချက်အကောင်းဆုံး ဒုတိယဆုကိုလည်းကောင်း၊ ၂၀၀၂ခုနှစ်တွင်လည်း ဟင်္သာတခရိုင် အောင်ချက်အကောင်းဆုံး ဒုတိယဆုကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် မြန်အောင်မြို့နယ် အောင်ချက် အကောင်းဆုံး ပထမဆုကို လည်းကောင်း၊ ၂၀၀၃ခုနှစ် တွင်လည်း မြန်အောင်မြို့နယ် အောင်ချက်အကောင်းဆုံး ပထမဆုကိုလည်းကောင်း ရရှိခဲ့သည်။

တာခွတွဲဖက်အထက်တန်းကျောင်းမှ ယခုကဲ့သို့ ထူးချွန်သောကျောင်းသားများ ပေါ်ပေါက်ပြီး အောင်ချက်ကောင်းသော ကျောင်းတစ်ကျောင်းအဖြစ် ဂုဏ်ယူနိုင်ခဲ့ခြင်းမှာ ဆရာ ဆရာမများ၏ နေ့မအား ညမနား အပင်ပန်းခံကာ လေ့ကျင့်ပညာသင်ကြားပေးမှုကို ကျောင်းသား ကျောင်းသူများ အနေနှင့် စနစ်တကျခံယူကျင့်သုံးလိုက်နာခဲ့သဖြင့် အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ အောင်မြင်မှုရရှိနိုင်ရန်အတွက်လည်း ကျောင်းသားမိဘများနှင့် ကျေးရွာပြည်သူလူထုက ပညာရေးကို စိတ်ပါဝင်စားပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တွဲဖက်အထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများကို တတ်စွမ်းသမျှ ထောက်ပံ့ကူညီခဲ့သည်။

တွဲဖက်အထက်တန်းကျောင်း ဖွင့်လှစ်ပြီးစီးသည့် ၁၉၉၇ခုနှစ်မှ ယနေ့အထိ မိဘများ၏ ပါဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အအုံများနှင့် ပညာရေးအထောက်အကူပစ္စည်းများမှာ အလျား ပေ ၄၀၊ အနံ ပေ ၃၀နှင့် အမြင့် ၁၈ပေရှိ (သွပ်မိုးအုတ်ကာ သမံတလင်းခင်း)လေးခန်းတွဲ စာသင်ဆောင်တစ်ဆောင်၊ အလျား ၇၅ပေ၊ အနံပေ ၃၀၊ အမြင့် ၁၈ပေရှိ နှစ်ခန်းတွဲ Multimedia ခန်းမဆောင်တစ်ဆောင်၊ Multimedia ပစ္စည်း သိန်း ၂၀ ဖိုး၊ အစိုးရခွဲဝေငွေကျပ် ၁၀ သိန်းနှင့် မိဘများလှူဒါန်းငွေဖြင့် ဆောက်လုပ်သော အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့်၁၈ပေရှိလေးခန်းတွဲစာသင်ဆောင်တစ်ဆောင် စသည်တို့ ဖြစ်သည်။

ကျောင်း၏ဂုဏ်သတင်း တစ်နေ့တခြား ပျံ့မွှေးလာသည်နှင့်အမျှ ကျောင်းသားဦးရေကလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်။ ကျောင်းသား မိဘများနှင့် ကျေးလက်ပြည်သူလူထုကလည်း ကျောင်း၏ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသရွေ့ကူညီပံ့ပိုးပေးလျက်ရှိသည်။ မိဘပြည်သူများ၏ ကူညီထောက်ပံ့မှုဖြင့် တာခွ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှာ အဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း ပြည့်စုံစွာ ထားရှိနိုင်ပြီး အထက်တန်းကျောင်းတစ်ကျောင်း၏ အဆင့်နှင့် တန်းတူ တည်ရှိနေပြီဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီး၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ အားလုံးက စေတနာထား အပင်ပန်းခံကာ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အထက်တန်းကျောင်းကြီးများနှင့် ရင်ပေါင်တန်း လိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ မြို့ကြီးပြကြီးများနှင့် အလှမ်းကွာဝေးပြီး ကျူရှင်မရှိသော၊ အခြေခံပညာ အထက်တန်းကျောင်းမရှိသေးသော သာမန် တာခွတွဲဖက် အခြေခံပညာအထက်တန်းကျောင်းကလေးမှ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်ကိုကျော်လွန်ကာ တစ်နိုင်ငံလုံးထူးချွန်ကျောင်းသားစာရင်း ပါဝင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် တာခွအတွက် ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်တစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်ကြီးကို စိတ်ကောင်းစေတနာကောင်းဖြင့်တည်ဆောက်ပေးနေ နိုင်ငံ့အကျိုး အမျိုးသားအကျိုးအတွက် အယူအဆမတူညီသူများကို စိတ်ရှည်ရှည်ဆွဲဆောင် ပြည်သူလူထု၏ယုံကြည်အားကိုးမှုရရှိအောင် လက်တွေ့ကျသည့်လုပ်ငန်းများဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၂၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) တတိယနေ့နှင့် နောက်ဆုံးနေ့အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပပြီး နံနက်ပိုင်းတွင် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ***စာမျက်နှာ ၈ ကော်လံ ၁*** ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)တတိယနေ့နှင့် နောက်ဆုံးနေ့အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်တွင် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)သို့ တက်ရောက်လာကြသည့် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက ကြွေးကြော်သံများဖြင့်ရုပ်သိမ်းစဉ်။ **(သတင်းစဉ်)**







## ဆယ်စုနှစ်အတွင်း လမ်း၊တံတားကြီးများ ကွန်ရက်သဖွယ်ပေါ်ထွန်းလာ မြန်မာအင်ဂျင်နီယာများစွမ်းဆောင်မှုစွမ်းပကား အာဆီယံကအသိအမှတ်ပြု

**သတင်းဆောင်းပါး-ဝင်းရွှေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာအင်ဂျင်နီယာများ၏စွမ်းဆောင်မှုစွမ်းပကားကို ဂုဏ်ပြုသည့်အနေဖြင့် (၂၁)ကြိမ်မြောက် အာဆီယံအသင်းများအဖွဲ့ချုပ် ညီလာခံက မြန်မာနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် အာဆီယံအင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုနှစ်ဆုကို ချီးမြှင့်ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးက ရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အင်ဂျင်နီယာအသင်းများနှင့် ပူးပေါင်းဖွဲ့စည်းထားသော အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်သို့ ***စာမျက်နှာ ၇ ကော်လံ ၁*** ▼

**အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ကြီးက ချီးမြှင့်သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထူးချွန်ဆုနှင့် အမျိုးသမီးအင်ဂျင်နီယာများချည်းသက်သက် တံတားတည်ဆောက်နိုင်ခဲ့သည့် ထူးချွန်ဆုများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

**ယနေ့ထုတ်ခေါင်းရေ ၂၀၂၄၆၂**



## စေတနာ၊မေတ္တာ၊ကရုဏာအရင်းခံသောလူမှုဝန်ထမ်းလုပ်ငန်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးဖော်ဆောင်ပေးနေ

**တွေ့ဆုံမေးမြန်းသူ-မောင်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ဦးစံမြင့်(ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန)

ရန်ကုန် နိုဝင်ဘာ ၂၄

ယနေ့အချိန်အခါသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့လက်တွဲပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်း၊ ဟန်ချက်ညီညီ သယ်ပိုးမြှင့်တင်နေသော အချိန်အခါဖြစ်သည်။ နိုင်ငံနှင့်အဝန်း ကွန်ရက်သဖွယ် ယှက်နွယ်နေသော လမ်း၊ တံတားများ၊ အစုအဖွဲ့အလိုက် ဖြစ်တည်လာသော ဆည်တမံများ၊ သဘာဝသယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်နေရပေပြီ။ ***စာမျက်နှာ ၉ ကော်လံ ၅*** ✡